# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၁)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Ngu Anh Duc သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော် ဂုဏ်ပြုဆောင်ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အလံတို့အား အလေးပြုသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော် သီချင်းများကို တီးမှုတ်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Ngu Anh Duc က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## စာဆိုဗိမာန်သို့ လာရောက်လေ့လာ ကြည့်ရှုနိုင်

နိုင်ငံတော်အစိုးရသစ်သည် မြန်မာ့စာပေယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူများ လေ့လာမှတ်သားသိရှိနိုင်စေရန် ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်ကို (၂၅-၇-၂၀၂၆) ရက်နေ့မှစ၍ အများပြည်သူသို့ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၄ ❒


## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## MSME လုပ်ငန်းများအတွက် လိုင်စင်နှင့် ခွင့်ပြုချက်များကို OSS ရုံးအဖွဲ့ဝင်ဌာနများမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

MSME လုပ်ငန်းများအတွက် လိုင်စင်နှင့် ခွင့်ပြုချက်များကို OSS ရုံးအဖွဲ့ဝင်ဌာနများမှ ကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီးဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များကို OSS ရုံးအဖွဲ့၏ ဆွေးနွေးညှိနှိုင်းချက်များနှင့်အတူ တင်ပြဆောင်ရွက်ပေးလျက်ရှိကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် One Stop Service (OSS)ရုံးကို နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်၍ နေပြည်တော်ကောင်စီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ


စာမျက်နှာ ၃ ကော်လံ ၁ ❂


## ဓနုဖြူမြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးလေ့ကျင့်

ဓနုဖြူ ဇူလိုင် ၂၂

ဓနုဖြူမြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၂၀ ရက်က အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း river view အနီး ရေဝတီမြစ်အတွင်း ဆောင်ရွက်ရာ ရေပြင်ရှာဖွေကယ်ဆယ်ခြင်း သရုပ်ပြဆောင်ရွက်မှုကို


စာမျက်နှာ ၃ ကော်လံ ၄ ❍




## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ


ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်ဆီသို့ … ဆောင်းပါး စာ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ လွှတ်တော်ရေးရာ စာ ၇

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ လွှတ်တော်ရေးရာ စာ ၉

## ခြင်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးရာသီ

မိုးဖွဲဖြိုင်ဖြိုင်ရွာသည့် ဇူလိုင်၊ ဩဂုတ်လတို့မှာ မိမိတို့နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှု အများဆုံးသောလများဖြစ်သည်။ အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တစ်နှစ်ပတ်လုံး ဖြစ်ပွားသည်ကို တွေ့ရသည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြထားသည်။ သွေးလွန်တုပ်ကွေးသည် ကလေးများတွင် ရောဂါပြင်းထန်ပါက အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိခြင်းကြောင့် အရေးကြီးသည့် ရောဂါမျိုးဖြစ်ရာ ကူးစက်မှုများသည့်ကာလတွင် အထူးဂရုပြုကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လွယ်ကူရိုးရှင်းသည့် ကာကွယ်ရေးနည်းလမ်းများဖြင့် ကာကွယ်နိုင်ခြင်းကြောင့် ပြည်သူလူထုအတွင်း လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါကို ကူးစက်မှုဖြစ်မလာမီ ကြိုတင်ကာကွယ်ကြစေလိုသည်။ ခြင်မှတစ်ဆင့်ကူးစက်သည့် ဗိုင်းရပ်စ်ရောဂါများရှိကြသည့်အနက် သွေးလွန်တုပ်ကွေးသည် အဖြစ်များသောရောဂါတစ်မျိုးဖြစ်သည်။ ရောဂါပိုးရှိသော ခြင်ကျားခေါ် အေးဒီးစ်ခြင်အမ ကိုက်ခြင်းမှ လူတစ်ဦးမှတစ်ဦးသို့ သွေးလွန်တုပ်ကွေးကူးစက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုသည် တစ်နှစ်ခြား၊ နှစ်နှစ်ခြားတစ်ခါ မြင့်မားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ ၂၀၂၄ ခုနှစ်က နိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၆၄၀၀ ကျော် ရှိသည့်အနက် ၁၅ ဦး သေဆုံးခဲ့သည်။ ဖြစ်ပွားမှုစုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းသည် မြို့ပေါ်ဒေသများတွင်ဖြစ်ပြီး ၄၇ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်ဖြစ်ရာ လူနေထူထပ်ခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု အခြေအနေတို့ကြောင့် မြို့ပြဒေသများတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း ပိုမိုများပြားခြင်းဖြစ်ဖွယ်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရာသီတုပ်ကွေးနှင့် ရောဂါလက္ခဏာဆင်တူပြီး တစ်ခါတစ်ရံပြင်းထန်နိုင်သည်။ အသက် ၁၅ နှစ်အောက် ကလေးများတွင် အများဆုံးဖြစ်ပွားပြီး လူကြီးများတွင်လည်း ဖြစ်ပွားနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်း မြို့ပေါ် ကျေးလက်အားလုံးတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ကို တွေ့ရသည်။ ပြင်းထန်သော သွေးလွန်တုပ်ကွေးရောဂါ (Severe Dengue) သည် ကလေးများတွင် ရောဂါပြင်းထန်စေပြီး အသက်အန္တရာယ်အထိ ဖြစ်စေနိုင်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဆောလျင်စွာ အတည်ပြုနိုင်ပြီး ထိရောက်စွာကုသပါက သေဆုံးနှုန်း သိသာစွာ လျှော့ချနိုင်မည်ဖြစ်သည်။

သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများအဖြစ် အဖျားကြီးခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ မျက်လုံးနောက်တွင် နာကျင်ခြင်း၊ ကြွက်သားနှင့် အဆစ်များနာကျင်ခြင်း၊ ပြင်းထန်စွာဗိုက်အောင့်ဗိုက်နာခြင်း၊ ပျို့ခြင်း ၊ အန်ခြင်း၊ ခန္ဓာကိုယ်တွင် အနီကွက်များ ထွက်ခြင်းတို့ကိုတွေ့ရသည်။ ရောဂါပိုးရှိသောခြင် ကိုက်သည့်အချိန်မှ သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာပြသည့်အချိန်ထိ ရောဂါပျိုးရက်မှာ ပျမ်းမျှ (၈) ရက်ခန့် ကြာမြင့်သည်။ သွေးလွန်တုပ်ကွေးရောဂါအတွက် သီးခြားကုထုံးမရှိသေးဘဲ ရောဂါကို သွေးလွန်တုပ်ကွေးဟု သံသယဖြစ်ပါက ဆောလျင်စွာသိရှိ အတည်ပြုနိုင်ရန်အတွက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများထံ ပြသကြဖို့လိုသည်။

သွေးလွန်တုပ်ကွေးရောဂါကို လူတစ်ဦးချင်း ကြိုတင်ကာကွယ်ရာတွင် ခြင်ကိုက်မခံရစေရန်အတွက် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ရန်၊ ပေါ်ထွက်နေသည့် ခြေဖျားလက်ဖျားတို့တွင် ခြင်မကိုက်ဆေးများလိမ်းရန်၊ အိပ်သည့်အခါ ခြင်ထောင်ထဲတွင်သာ အိပ်စက်ရန်တို့ကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသည့် ခြင်ကျား (အေးဒီးစ်ခြင်) သည် ရေကြည်ရေသန့်တွင် ပေါက်ပွားသဖြင့် ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားရန်၊ ပန်းအိုးများကို အပတ်စဉ်လဲလှယ်ရန်၊ ရေတင်နိုင်သော စွန့်ပစ်ပစ္စည်းများ ( ဘူးခွံ၊ ပုလင်းခွံ၊ တာယာဟောင်းများ )စသည်တို့ကို စနစ်တကျစွန့်ပစ်ရန် အရေးကြီးသည်။ အိမ်အနီးပတ်ဝန်းကျင်တွင် ရေမဝပ်ရန်၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ကြရန်လည်းလိုသည်။ သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် ခြင်ပေါက်ပွားခြင်းကို ထိရောက်စွာကာကွယ်ခြင်းသည် အဓိကဖြစ်ရာ ပြည်သူလူထုကို အသိပညာပေးရန်နှင့် ခြင်နှိမ်နင်းရေးတွင် လူတိုင်းပါဝင်ကြရန်လည်းနှိုးဆော်တိုက်တွန်းသွားရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတွင် ဆောလျင်စွာသိရှိခြင်းနှင့် အချိန်မီပြုစုကုသနိုင်ခြင်းတို့သည် အရေးကြီးသည့်အချက်များဖြစ်သည်ကို သတိပြုလျက် ကလေးများ၊ လူကြီးများ ရာသီတုပ်ကွေးကဲ့သို့ ဖျားနာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ သွားရောက်ပြသကြရန်၊ ဆေးမြီးတိုများဖြင့် ကုသကာ အချိန်ကုန်ဆုံးပြီး အန္တရာယ်မဖြစ်ပေါ်စေရန် သွေးလွန်တုပ်ကွေး အဖြစ်များသည့်ရာသီကာလတွင် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလိုက်ပါကြောင်း။ ။

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄ / ၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄ /၂၀၂၆

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃/၂၀၂၆ တို့သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့်ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ

ရဲဝင်းဦး

ဗိုလ်ချုပ်ကြီး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## ၂၂-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## (၂၂-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃~၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၁၀,၉၆၈.၂၇ | ၁,၃၄၄,၀၅၆.၃၅ | ၃၂,၃၂၆,၂၅၄.၃၀ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၇၉ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၇ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၀ | ၃၃၅၀ | ၃၃၁၀ | ၃၂၂၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၅ | ၃၂၉၀ | ၃၆၁၅ | ၃၆၅၀ | ၃၃၁၀ | ၃၄၃၅ | ၃၃၉၅ | ၃၃၅၅ | ၃၃၇၀ | ၃၆၁၀ |
| 95 Ron | ၃၂၈၅ | ၃၄၂၅ | ၃၃၈၅ | ၃၃၀၀ | ၃၄၃၀ | ၃၄၄၅ | ၃၄၇၀ | ၃၃၆၅ | ၃၆၉၀ | ၃၇၂၅ | ၃၃၈၅ | ၃၅၀၀ | ၃၄၇၀ | ၃၄၃၀ | ၃၄၄၅ | ၃၆၈၅ |
| HSD (500 ppm) | ၃၁၇၅ | ၃၃၀၅ | ၃၂၆၅ | ၃၁၉၀ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၀ | ၃၂၅၀ | - | ၃၅၉၅ | ၃၂၇၀ | ၃၆၆၅ | ၃၃၅၀ | ၃၃၁၀ | ၃၃၂၅ | ၃၅၅၅ |
| HSD (50 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | ၄၃၀၀ | ၄၃၃၅ | ၃၉၉၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |
| HSD (10 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | | ၄၃၃၅ | ၃၉၉၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၃ | ၃၁၂၇ |
| 95 Ron | ၃၁၀၅ | ၃၂၀၁ |
| HSD (500 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (50 ppm) | ၃၆၉၅ | ၃၇၉၉ |
| HSD (10 ppm) | ၃၆၉၅ | ၃၇၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်

စာတည်းမှူး - ခင်ရတနာ

စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း

ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)

ဓာတ်ပုံသတင်းထောက် - တင်စိုး

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့

စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper

# ညီညွတ်ရေးက အရေးကြီး

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ *ရွှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Ngu Anh Duc တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ထွက်ပေါ်လာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ယခုထက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ဗီယက်နမ်နိုင်ငံတွင် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့ကို ကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့မှု အခြေအနေ၊ နိုင်ငံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖြစ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့် အခြေအနေနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**"နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ယခုထက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး"**



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❂ *ရွှေ့ဖုံးမှ*

ညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန စသည်ဖြင့် ဌာနကိုးခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

လုပ်ငန်းရှင်များကတင်ပြလာသည့် အခက်အခဲများကို OSS ၏ လုပ်ငန်းတာဝန်များအရ အကြံပေးခြင်း၊ ရှင်းလင်းအသိပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သတင်းအချက်အလက် ဖြန့်ဝေပေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး မြေယာများကို အခြားနည်းသုံးစွဲခြင်းကိစ္စရပ်များအား နေပြည်တော်ကောင်စီသို့ ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိကြောင်း ဦးဝင်းဦးက ပြောသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လျာထားစက်မှုဇုန်အသစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ပုဗ္ဗသီရိစက်မှုဇုန်မြေနေရာတွင် MSME လုပ်ငန်းများအတွက် ထည့်သွင်းစဉ်းစား၍ စက်မှုဇုန် Master Plan ၌ ရည်မှန်းရေးဆွဲထားကြောင်း သိရသည်။

One Stop Service (OSS)ရုံးများကို MSME လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသော အခက်အခဲများနှင့် လိုအပ်ချက်များကို တစ်နေရာတည်းတွင် သက်ဆိုင်ရာဌာနအလိုက် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဆက်လက်တင်ပြရမည့် ကိစ္စရပ်များကို အချိန်တိုအတွင်း တင်ပြဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**TMK**

---

❒ *ရွှေ့ဖုံးမှ*

သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်မိဘပြည်သူများအနေဖြင့် လာရောက်လေ့လာနိုင်ရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ဖွင့်လှစ်ပြသမည့်ရက် | - | အပတ်စဉ် (အင်္ဂါ၊ ကြာသပတေး၊ စနေ) |
| ပြသမည့်အချိန် | - | နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီထိ |
| ဝင်ကြေး | - | အခမဲ့ |
| တည်နေရာ | - | အမှတ် ၁၈(A)၊ ဥယျာဉ်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

---

❍ *ရွှေ့ဖုံးမှ*

ခနောင်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးနောင်နောင်ဦးဆောင်၍ မီးသတ်သန္ဓေနှင့် အရန်တပ်ဖွဲ့ဝင် အင်အား ၃၅ ဦးတို့က သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Margulan Baimukhan သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် ဂုဏ်ပြုဆောင်ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကာဇက်စတန်သမ္မတနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး **(အပေါ်ယာပုံ)** ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။



ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား အလှမ်းကွာဝေးသော်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက် ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ရွေးကောက်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ကာဇက်စတန်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မကြာမီကာလအတွင်း ကာဇက်စတန်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားထားရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဒီဂျစ်တယ် နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာဇက်စတန်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကာဇက်စတန်နိုင်ငံအနေဖြင့် အလယ်အာရှဒေသတွင်တည်ရှိပြီး တရုတ်နိုင်ငံကိုဖြတ်သန်း၍ မြန်မာနိုင်ငံမှတစ်ဆင့် တောင်အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**❖ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား အလှမ်းကွာဝေးသော်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**ညောင်ရွှေ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့ ရှမ်းရိုးမမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက ရှမ်းရိုးမမွေးမြူရေး ဇုန်(၁) ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုတို့ နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒေသခံတောင်သူ ဦးစိုင်းလုံမွေးမြူထားသော အလုံပိတ်အအေးပေးစနစ် ဥစားကြက်မွေးမြူရေးရုံနှင့် တောင်ကြီးမြို့အတက်လမ်း ရှုခင်းသာပန်းခြံအနီးတွင် WelcomeTo Taunggyi City မီးလင်းဆိုင်းဘုတ် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

သစ်တောတွေ
ထိန်း၊
တောတွေ
စိမ်းမှ၊
ငြိမ်းချမ်းပြည်ရွာ၊
နိုင်ငံသာ၏။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရန်ကုန်မြို့ အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ရန်ကုန်မြို့ အခြေစိုက်ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရန်ကုန်မြို့ အခြေစိုက်ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေး ကောင်းမွန်လျက်ရှိမှုနှင့် သံတမန်ဆက်ဆံမှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများ၊ ကိုရီးယားနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးနှင့်ပတ်သက်၍ မူဝါဒများချမှတ် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုကဏ္ဍ” ဆိုင်ရာဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၂၂**

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ” ဆိုင်ရာဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။(**ယာပုံ**)

အခမ်းအနားသို့ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ကျင်းပသည့် ရှင်းလင်းပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့ JCC ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး “နိုင်ငံတော်၏စက်မှုကဏ္ဍ” နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြပေးသည့် ဒုတိယမြောက် အစီအစဉ် ဖြစ်ပါကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၌ သဘာဝ သယံဇာတကုန်ကြမ်းများ ကြွယ်ဝသော်လည်း အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအား လိုအပ်လျက်ရှိပါကြောင်း၊





စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့် နိုင်ငံခြားငွေ သုံးစွဲမှု လျှော့ချခြင်းတို့ဖြင့် နိုင်ငံစီးပွားရေးကို မောင်းနှင်ပေးသည့် အဓိကအင်အားစုဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေး လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင် ဖန်တီးပေးမှု ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်မှာ MSMEs လုပ်ငန်းများ ဖြစ်ကြသဖြင့် ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လက်ရှိစီးပွားရေးနှင့်စက်မှုကဏ္ဍအခြေအနေ၊စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ နိုင်ငံပိုင် စက်ရုံ ပြုပြင်ပြောင်းလဲရေး၊ ဦးစားပေးစက်မှုလုပ်ငန်းများ၊ စက်မှုကဏ္ဍ၏ အခြေခံလိုအပ်ချက်များ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ခေတ်မီစက်မှုစနစ်သို့ ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ထို့ပြင် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များက ဒေသထွက်ကုန် ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်များ၊ ရိုးရာလက်မှုထုတ်ကုန်များစသည့် ထုတ်ကုန်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။(**ဝဲပုံ**)

**သတင်းစဉ်**

# ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်ဆီသို့ ...

**ဒီဂျစ်တယ်နည်းပညာဆိုသည်မှာ လူသားတို့၏ နေ့စဉ်အသုံးပြုနေရသော ဒေတာအချက်အလက်များကို လည်းကောင်း၊ မိမိ၏ ကိုယ်ရေးအချက်အလက်နှင့် ဆက်သွယ်မှုများကို လည်းကောင်း ၊ နိုင်ငံတော်အစိုးရ၏ သတင်းအချက်အလက်များကိုလည်းကောင်း၊ ဒီဂျစ်တယ်ပုံစံဖြင့် စီမံခန့်ခွဲပြီး ကွန်ပျူတာ၊ အင်တာနက်နှင့် အီလက်ထရောနစ်ကိရိယာများကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အစိုးရဝန်ဆောင်မှုများကို ပိုမိုထိရောက်စေသော နည်းပညာဖြစ်ပါသည်။ ယနေ့ခေတ် ဒီဂျစ်တယ်စီးပွားရေးနှင့် ဒီဂျစ်တယ်လူ့အဖွဲ့အစည်း၏ အခြေခံနည်းပညာ ဖြစ်ပါသည်။**

ဒေါက်တာသန့်စင် (ရူပဗေဒ)



ပထမဦးစွာ ဒီဂျစ်တယ်ဆိုသည်ကို ရှင်းပြလိုပါသည်။ ယခင်က လူသားတို့သည် သံပတ်ပေး၍ လည်းကောင်း၊ ဓာတ်ခဲကိုအသုံးပြု၍ လည်းကောင်း အချိန်ကို ကြည့်ရသည့်နာရီများကို အသုံးပြုခဲ့ကြပါသည်။ လူတို့၏အချက်အလက်များကို စာရေးစက္ကူများ၊ အသံဖမ်းစက်များ၊ ဓာတ်ပုံများဖြင့်သာ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ လူတို့၏ အပူချိန်ကိုလည်း ပြဒါးကိရိယာသုံး သာမိုမီတာများကိုသာ အသုံးပြုခဲ့ကြပါသည်။ ထိုအချိန်က နည်းပညာများသည် အန်နာလော့နည်းပညာ (Analog) ဟု ခေါ်ပါသည်။ ယခုအခါ ဒီဂျစ်တယ်နာရီ၊ ဒီဂျစ်တယ်သာမိုမီတာ စသည်ဖြင့် ဒီဂျစ်တယ်ပစ္စည်းများကို အသုံးပြုနေကြပြီဖြစ်ပါသည်။ ဒီဂျစ်တယ်နည်းပညာသည် သုည(0)နှင့် တစ်(1) ဟူသည့် ဒွိကိန်းစနစ်(Binary) စနစ်ကို အခြေခံ၍ အချက်အလက်များကို ထုတ်လုပ်၊ သိမ်းဆည်း၊ တွက်ချက်ပေးသည့် အီလက်ထရောနစ်နည်းပညာဖြစ်ပါသည်။ မီးခလုတ်တစ်ခုကို အဖွင့် (1)နှင့် အပိတ် (0) ဟုသာရှိသည့် အချက်များနှင့်စဉ်းစား၍ ရပါသည်။





သင်သည် သင်္ချာဂဏန်းများကို 1,2,3, … စသည်ဖြင့် ကွန်ပျူတာတွင် ရိုက်လိုက်သော်လည်း ကွန်ပျူတာ၏မှတ်ဉာဏ်တွင် ဒီဂျစ်တယ်နည်းပညာဖြင့် ( 00001 , 00010 , 00011 , …… ) စသည်ဖြင့် 0 , 1 ကိန်းဂဏန်းဖြင့်သာ သိမ်းဆည်းလိုက်ပါသည်။ သင်သည် ဒီဂျစ်တယ်ကင်မရာဖြင့် ဓာတ်ပုံရိုက်လိုက်ပါက သင်၏ဖုန်းတွင် လူပုံကို မြင်ရသော်လည်း သင်၏ဖုန်းအတွင်းမှာ 01101 … စသည်ဖြင့် 0 , 1 ဒီဂျစ်တယ်ဂဏန်းပေါင်းများစွာကို အသုံးပြု၍ သိမ်းဆည်းထားပါသည်။ 0 နှင့် 1 သည် ကွန်ပျူတာအတွင်းတွင် ထိုအချက်အလက်များကို ကိုယ်စားပြုထားသည့် Binary Code ဖြစ်ပါသည်။

ဒီဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာပါက အစိုးရ၏ဝန်ဆောင်မှု (e– Government) ပိုမိုထိရောက်မြန်ဆန်လာပါသည်။ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုမြန်ဆန် လုပ်ကိုင်နိုင်ပါသည်။ ဒီဂျစ်တယ်ငွေပေးချေမှု အပိုင်းများဖြစ်သည့် Mobile Payment , Internet Banking နှင့် Digital Wallet များကို လွယ်ကူစွာအသုံးချနိုင်မှုကြောင့် ငွေသားကိုင်ဆောင်အသုံးပြုမှု လျော့ကျသွားနိုင်ပါသည်။ ပညာရေးတွင် ICT ပညာရေးကို အသုံးပြု၍ Online Learning Platform နှင့် Digital Research and Innovation ဆိုသည့် ဒီဂျစ်တယ်နည်းပညာသုံးပညာရေးကြောင့် မြို့ပြနှင့်ကျေးလက်ပညာရေးကို ကွာဟမှုနည်းပါးစေပါသည်။

နိုင်ငံတစ်နိုင်ငံတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လွယ်ကူလျင်မြန်သည့် အင်တာနက်အခြေခံအဆောက်အအုံဆက်သွယ်ရေး (4G,5G) စသည့် မိုဘိုင်းကွန်ရက်များနှင့် ဒေတာအခြေခံအဆောက်အအုံ (Data Center)များ လိုအပ်ပါသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားတည်ငြိမ်မှုနှင့် ICT စနစ်များကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားလိုအပ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အိုင်တီနည်းပညာကျွမ်းကျင်သူများ လိုအပ်ပါသည်။ AI နည်းပညာဆော့ဝဲ(Software ) ပရိုဂရမ်၊ Data Analysis ကျွမ်းကျင်သူများ၊ ဆီမီးကွန်ဒတ်တာမှစ၍ အဆင့်မြင့်နည်းပညာသုံး ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ စမတ်ဖုန်းများထုတ်လုပ်နိုင်သည့် နားလည်တတ်ကျွမ်းသည့် ပညာရှင်များကို နိုင်ငံတော်မှ စီမံချက်ချကာ နှစ်စဉ်ထုတ်လုပ်မွေးမြူပေးရပါမည်။ အွန်လိုင်းလုံခြုံရေး ( Cyber security ) နှင့် ဆိုင်ဘာနည်းပညာဥပဒေ ( Cyber law )များကို ပြဋ္ဌာန်းပေးရပါမည်။

e – Government စနစ် တည်ဆောက်ရာတွင် ဝန်ကြီးဌာနများသည် ဒီဂျစ်တယ်သက်သေခံလက်မှတ် ( e – ID Smart Card ) ထုတ်ပေးရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ မိမိနိုင်ငံအတွင်း အသုံးပြုနေသည့် ဒီဂျစ်တယ်သက်သေခံလက်မှတ်များအား နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန် အသိအမှတ်ပြုနိုင်စေရန် (၁) နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန်ဆက်သွယ်၍ Cross – Certification ပြုလုပ်ပေးခြင်း၊ (၂) နိုင်ငံတကာသက်သေခံလက်မှတ်လမ်းညွှန် PKD( Public Key Directory)တွင် စာရင်းသွင်းခြင်း(သို့) အများသုံးဆော့ဝဲကုမ္ပဏီထံတွင် ပါဝင်စာရင်းသွင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဒီဂျစ်တယ်သက်သေခံလက်မှတ်များဖြစ်သော အမျိုးသားမှတ်ပုံတင်ကတ် (e – ID card )၊ နိုင်ငံကူးလက်မှတ် (e – Passport)၊ ဗီဇာ (e – Visa) အစရှိသည့် သက်သေခံစာရွက်စာတမ်းများနှင့် သက်သေခံကတ်များ၊ မော်တော်ယာဉ် မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်၊ ATM ကတ် စသည့်လုံခြုံမှုရှိစေရန် လိုအပ်သည့်ကတ်များနှင့်စာရွက်စာတမ်းများ ထုတ်လုပ်ရာတွင် ဒီဂျစ်တယ်သက်သေခံလက်မှတ်သည် အသုံးဝင်ပါသည်။

ကမ္ဘာပေါ်တွင် Digital Identity ဒီဂျစ်တယ်အထောက်အထားအအောင်မြင်ဆုံး နိုင်ငံများတွင်

> **“ ပြင်ဦးလွင်ဒေသ ပြင်စာကျေးရွာအနီးရှိ ရတနာပုံမြို့သစ်စီမံကိန်းတွင် နိုင်ငံတော်၏သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector) တိုးတက်မြင့်မားရေးအတွက် ရတနာပုံဆိုင်ဘာစီးတီးကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုဖြစ်ပေါ်လာစေရန် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ”**

ဥရောပမြောက်ပိုင်းရှိ နိုင်ငံသုံးနိုင်ငံတွင် မြောက်ပိုင်းနိုင်ငံဖြစ်သည့် အက်စတိုးနီးယား (Estonia) နိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်ပါသည်။ ထိုနိုင်ငံ၏ Digital Government နှင့် e – Government စနစ်များကြောင့် ကမ္ဘာတစ်ဝန်း လူသိများပါသည်။ အက်စတိုးနီးယားနိုင်ငံတွင် Digital Society ဆိုသည့် ဒီဂျစ်တယ်လူမှုအဖွဲ့အစည်းအများစုကို အွန်လိုင်းမှဆောင်ရွက်နိုင်ပါသည်။ ဥပမာ ဒီဂျစ်တယ်မှတ်ပုံတင်ကတ်၊ ဒီဂျစ်တယ်ဖြင့် အခွန်ပေးဆောင်ခြင်း၊ ဒီဂျစ်တယ်ဖြင့် ဘဏ်စနစ်အသုံးပြုခြင်း၊ ဒီဂျစ်တယ်ဖြင့် မဲပေးခြင်း၊ ဒီဂျစ်တယ်ကျန်းမာရေး၊ ဒီဂျစ်တယ်သက်သေခံလက်မှတ်ထုတ်ပေးခြင်း စသည်များကို ပြည်သူများကိုယ်တိုင် ဆောင်ရွက်နေကြပါသည်။ ကျောင်းများတွင် ပညာရေးစနစ်သည် မြင့်မားပြီး Computer Science နှင့် Digital Skills ကို ငယ်ရွယ်စဉ်ကတည်းက သင်ကြားပေးပါသည်။ ထိုနိုင်ငံသည် လူဦးရေနည်းသော်လည်း နိုင်ငံသားများသည် (e – ID) တစ်ခုတည်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုအများစုကို လုံခြုံစိတ်ချလွယ်ကူစွာ အသုံးပြုနိုင်ကြပါသည်။

**အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် San Francisco Bay Area တောင်ဘက်ပိုင်းတွင် တည်ရှိသည့် ဆီလီကွန်တောင်ကြား “Silicon Valley” အမည်တွင်သည့် နေရာသည် ကွန်ပျူတာထုတ်လုပ်ရာတွင် မရှိမဖြစ်ပါရှိရမည့် ဆီလီကွန်ပြားများ ထုတ်လုပ်ရာ စက်ရုံအလုပ်ရုံများရှိရာ တောင်ကြားကို ခေါ်ပါသည်။ ထိုဒေသတွင် နာမည်ကြီး Apple ကုမ္ပဏီ၊ Google၊ Meta Platforms၊ Intel ၊ NVIDIA ကုမ္ပဏီ စသည်တို့ရှိပြီး ကမ္ဘာပေါ်တွင် နာမည်ကြီး IT ပညာရှင်များ စုဝေးရာဒေသ ဖြစ်ပါသည်။**

“ Silicon Valley ” အောင်မြင်ရသည့် အကြောင်းရင်းများတွင် Stanford University ကဲ့သို့ တက္ကသိုလ်များမှ သုတေသနနှင့် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးခြင်း၊ နည်းပညာစတင်လုပ်ငန်း (Startup) များကို အရင်းအနှီးပံ့ပိုးပေးသောရင်းနှီးမြှုပ်နှံသူများပြားခြင်း၊ ကမ္ဘာအနှံ့မှ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် စီးပွားရေးသမားများကို လာရောက်ဖိတ်ခေါ်နိုင်ရန် ကမ်းလှမ်းခြင်း၊ နည်းပညာကုမ္ပဏီများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

**ယခုအခါ မြန်မာနိုင်ငံ ပြင်ဦးလွင်ဒေသ ပြင်စာကျေးရွာအနီးရှိ ရတနာပုံမြို့သစ်စီမံကိန်းတွင် နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector) တိုးတက်မြင့်မားရေးအတွက် ရတနာပုံဆိုင်ဘာစီးတီးကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုဖြစ်ပေါ်လာစေရန် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းရှိ နည်းပညာဆိုင်ရာတက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသောကျောင်းသား၊ ကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည် ဖြစ်ပါသည်။**

ဒီဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာပါက အစိုးရ၏ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာပြီး ပွင့်လင်းမြင်သာမှု ပိုမိုရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပါသည်။ ထိုအချက်များကြောင့် အစိုးရ၏ ဝန်ဆောင်မှုများ ထိရောက်စွာစွမ်းဆောင်နိုင်ပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါသည်။ ။

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော်   ဇူလိုင်   ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်ဈေးနှုန်းကျဆင်းရေး၊ လမ်းအဆင့်မြှင့်တင်တည်ဆောက်ပေးရေး၊ နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ လျှပ်စစ်တိုးတက်ရရှိရေး၊ ကျေးရွာဂရန်ရရှိရေးနှင့်ရပ်ကွက် သတ်မှတ်ပေးရေး၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှု ကြပ်မတ်ပေးနိုင်ရေး၊ စစ်ဆေးရေးဂိတ်များ လျှော့ချပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံရှိ ပြည်သူများ နေ့စဉ်စားသုံးနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှု ရှိစေရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းဆန်စားသုံးမှုဖူလုံစေရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေး ဆန်၊ စပါး အခြေခံရည်ညွှန်းဈေးနှုန်းများကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်စားသုံးဆီ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက ဈေးနှုန်းသတ်မှတ်ပေးလျက်ရောင်းချစေလျက် ရှိပါကြောင်း။

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းကျဆင်းစေရေးအတွက် အထောက်အကူဖြစ်စေရန် ဓာတ်မြေဩဇာတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ စားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်း ကျဆင်းရေးနှင့်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ နမ့်လန်–ခမ်းယုံး–မွေတော်ဟိုလင်း ဘုရားလမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး က ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ တာကော်ကျေးရွာအုပ်စုရှိ နမ့်လန်–ခမ်းယုံး–ဟိုလင်း မွေတော်ဘုရားလမ်းအား လက်ရှိတွင် ရာသီမရွေး သွားလာနိုင်မည့် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနက စိစစ်ခဲ့ရာ နမ့်လန်–ခမ်းယုံး ၇/၇ မိုင် လမ်းပိုင်းသည် လမ်းအကျယ် ပေ ၃၀ ရှိပြီး ခမ်းယုံး–ဟိုလင်း (မွေတော်ဘုရား) ထိ ၇/၆ မိုင်မှာ လမ်းအကျယ် ၁၅ ပေသာရှိသည့်အတွက် လက်ရှိတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များသာ သွားလာအသုံးပြုလျက်ရှိပါကြောင်း၊ တောင်ပေါ်ဒေသဖြစ်၍ အတက်/



အဆင်းများပြားခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ မရှိခြင်းတို့ကြောင့် မိုးတွင်းကာလ တောင်ကျရေ တိုက်စား၍ လမ်းသားပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများ ဆက်သွယ်သွားလာအသုံးပြုရန် ခက်ခဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ယခင်ကာလများက နယ်မြေလုံခြုံရေး ကန့်သတ်ခြင်းများရှိသည့်အတွက်ကြောင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း လက်ရှိတွင် ဒေသခံပြည်သူများ လမ်းအသုံးပြုမှုများပြားလာခြင်းကြောင့် ကွန်ကရစ်လမ်း(အစား) ကတ္တရာလမ်းအဖြစ် ဆောင်ရွက်၍ရနိုင်ပါကြောင်း။

သို့ဖြစ်၍ နမ့်လန်–ခမ်းယုံး–ဟိုလင်း (မွေတော်ဘုရား) လမ်း ၁၅/၅ မိုင်အား ကွန်ကရစ် လမ်း/ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေတို့မှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အပိုင်းလိုက် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ (ခ) စိုင်းဆေဟန်၏ **လင်းခေးခရိုင်၊ ဟိုမိန်းမြို့၊ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက လင်းခေးမြို့နယ်၊ ဟိုမိန်းမြို့ မြောက်ဘက်တွင် သံလွင်မြစ်နှင့် အရှေ့ဘက်တွင် မိုင်းတုံခရိုင်၊ တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကယားပြည်နယ်နှင့် မောက်မယ်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဂိတ်ဖွင့်လှစ်မည့် နေရာသည် နယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းအတည်ပြုပြီးဖြစ်ရန်နှင့် လူဝင်/လူထွက်ဂိတ် သတ်မှတ်ဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံသဘောတူညီမှုရရှိထားပြီးဖြစ်ရန် အဓိကလိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဂိတ်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ တောင်းခံရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုခွင့်ပြုချက် ရယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဟိုမိန်းဒေသရှိ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ဦးစွာတစ်ဖက်ထိုင်းနိုင်ငံနှင့် သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်နိမိတ်တိုင်းတာရေး ကိစ္စရပ်များအား ရှင်းလင်းပြီးပြတ်အောင် ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဟိုမိန်းမြို့၊ နားမွန်းလုံနယ်စပ်ဂိတ် လက်ရှိအခြေအနေအရ "နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း" အချက်အလက်များနှင့် ကိုက်ညီမှုရှိပါကြောင်း၊ သို့သော် နှစ်နိုင်ငံနယ်နိမိတ်စနစ်တကျ တိုင်းတာသတ်မှတ်ရန် ကျန်ရှိနေသော နေရာဖြစ်သည့်အတွက် နောင်တစ်ချိန်နယ်စပ်ပြန်လည်တိုင်းတာရာတွင် ရည်ညွှန်းကိုးကားရမည့် မြေပြင်ပထဝီအနေအထားများ ပျက်ယွင်းမှု မရှိစေရေးနှင့် နယ်စပ်ဂိတ်ဖွင့်လှစ်ခြင်း မပြုမီ နှစ်နိုင်ငံမြေတိုင်းကျွမ်းကျင်ပညာရှင်များက မြေပြင်အခြေအနေကို ပူးတွဲကွင်းဆင်း စစ်ဆေးခြင်း၊ ပထဝီအနေအထားများကို မှတ်တမ်းတင်ခြင်း၊ ယာယီနယ်နိမိတ်ကြောင်း သတ်မှတ်ခြင်း စသည့်လုပ်ငန်းစဉ်များ ဦးစွာဆောင်ရွက်ခြင်းမပြုဘဲ နယ်စပ်ဂိတ်ဖွင့်လှစ်မည်ဆိုပါက မိမိနိုင်ငံအတွက် နစ်နာမှုများဖြစ်ပေါ်လာနိုင်သဖြင့် နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များ ပြီးပြတ်မှသာ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်၌ လျှပ်စစ်စွမ်းအင်ကဏ္ဍ မည်မျှပါဝင်သည်၊ မည်သည့်လုပ်ငန်းများတွင် ဆောင်ရွက်မည်၊ နောက်နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လျှပ်စစ်ကဏ္ဍ မည်သို့ဆောင်ရွက်သွားမည်၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ဆဲ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၌ ငွေလုံးငွေရင်း အသုံးစရိတ်တောင်းခံ၍ အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူဋ္ဌေးနှင့် အထက်ကျိုင်းတောင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ပြီးစီးရန်လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်တောင်းခံ၍ နယ်မြေအခြေအနေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်အား လျှော့ချနိုင်ရန် အလယ်ပေါင်းလောင်းစီမံကိန်းအား တရုတ်ကုမ္ပဏီနှင့်မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် Notice to Proceed ကို ထုတ်ပေးခဲ့ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေလီ(၃) စီမံကိန်းကိုလည်း နယ်မြေအခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင် စသည့် ပြန်ပြည့်မြဲစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက် ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုအပိုင်းတွင် ယခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၅၀၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း တစ်ခု၊ ၂၃၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ၁၉ ခု၊ ၁၃၂ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း နှစ်ခုနှင့် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ရှစ်ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးရန် လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်တောင်းခံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံပြီး ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ရှစ်ခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်း ခုနစ်ခု၊ မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း လေးခု၊ ၃၃ ကေဗွီစနစ်လုပ်ငန်း ၁၈ ခုနှင့် ၁၁ ကေဗွီစနစ် လုပ်ငန်း ၁၂ ခု၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ကိုးခုနှင့် ၃၃ ကေဗွီစနစ် လုပ်ငန်း ၂၇ ခုတို့ကို လျာထားဆောင်ရွက်လျက် ရှိပါကြောင်း။

ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံက ချေးငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီရယူထားမှုနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်နေဆဲစီမံကိန်းလုပ်ငန်း ၁၅ ခု၊ နိုင်ငံခြားချေးငွေ (Loan) ဖြင့် ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း ၂၁ ခုနှင့် နိုင်ငံခြားချေးငွေ(Loan) ဖြင့် ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများတွင် စီမံကိန်းလုပ်ငန်း ၁၅ ခုတို့သည် ယခင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ်မတ် ၃၁ ရက်အထိ တာဝန်ယူခဲ့သော အစိုးရလက်ထက်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဆောင်ရွက်ပြီးစီး၍ ချေးငွေပေးဆပ်ပြီး ကိုးခု၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီး၍ ချေးငွေပေးဆပ်ဆဲ ၂၁ ခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ဆဲ ရှစ်ခု၊ ချေးငွေအဆိုပြုခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိသော စီမံကိန်းလုပ်ငန်း ၁၃ ခုတို့ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်နှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၃၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် ၂၀၂၉–၂၀၃၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လည်းကောင်း နှစ်အလိုက် ထည့်သွင်းလျာထား၍ ဘဏ္ဍာငွေရရှိမှုအရ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ဘတ်ရဲမြို့တွင် 66/11 KV ဓာတ်အားခွဲရုံတစ်ခုကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ပြီး မည်မျှကြာမည်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝသုံးရမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘတ်ရဲမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် ကျန်ပတ်ဝန်းကျင်ကျေးရွာ ၆၀ ကို ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဥသျှစ်ပင်–မြန်အောင် ဓာတ်အားလိုင်းမှ ၆၆ ကေဗွီ ၂ ထပ်ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဘတ်ရဲမြို့တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဓာတ်အားခွဲရုံပစ္စည်း ဝယ်ယူခြင်းအား ဆောင်ရွက်ထားပြီးဖြစ်ပြီး ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားခွဲရုံ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသဖြင့် ဘတ်ရဲဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ဘတ်ရဲမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား ဘတ်ရဲဓာတ်အားခွဲရုံမှ ဓာတ်အားကို ဗို့အားပြည့်ဝနိုင်နင်းစွာဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ် ဘုရင့်နောင်နှင့် မြသီတာရပ်ကွက်တို့အား မြေငှားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးမြို့နယ်၊ အရပ်ခေါ် ဘုရင့်နောင်ရပ်ကွက်သည် ၁၉၉၀–၁၉၉၁ ခုနှစ်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဥယျာဉ်မြေမျိုးပေါ်တွင် အကွက်များဖော်ထုတ်ပြီး မြေပေးမိန့်(ပါမစ်)ချထားပေးခဲ့သည့် မြေနေရာများဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာအား မြေငှားဂရန်ရရှိရေး ဆောင်ရွက်မည်ဆိုလျှင် ဘုရင့်နောင်ရပ်ကွက်အဖြစ် တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုတွင် ပါဝင်သော ၂၃ ဒသမ ၁၈ ဧကနှင့် ရှမ်းစုကျေးရွာအုပ်စုတွင် ပါဝင်သည့် ၁ ဒသမ ၁၂ ဧက တို့ကို ထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ရွှေဆံတော်ရပ်ကွက်အတွင်း ထည့်သွင်းနိုင်ရေး (သို့မဟုတ်) ဘုရင့်နောင်ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်း လုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ကွက်စိပ်တိုင်းတာခြင်းများ ဆောင်ရွက်ကာ မြို့မြေပိုင်ဆိုင်မှုစာရင်း ကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

မြသီတာရပ်ကွက်သည် မြို့ပေါ်ရပ်ကွက်အနေဖြင့် ပါဝင်ခြင်းမရှိဘဲ တလုတ္တော်ကျေးရွာ အုပ်စုအတွင်းပါဝင်ပြီး အရပ်ခေါ်အနေဖြင့် မြသီတာရပ်ကွက်ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးထားမှုမရှိခြင်း၊ မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်းလည်းပါဝင်မှုမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း တည်ရှိနေပါကြောင်း။

မြသီတာရပ်ကွက်အဖြစ် တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုမှ ၄၈ ဒသမ ၄၆ ဧကအား ထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကွမ်းခြံရပ်ကွက်အတွင်းသို့ ထည့်သွင်းနိုင်ရေး (သို့မဟုတ်) မြသီတာရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်းများ ဆောင်ရွက်၍ မြို့မြေပိုင်ဆိုင်မှု စာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ ရွာမြေများကို မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် ဒလမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာရှိသည့်အနက် ညောင်ငုတ်တိုကျေးရွာအုပ်စု၊ ညောင်ငုတ်တိုကျေးရွာအား ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သပြေကုန်းကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာအား ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ကျန်ကျေးရွာအုပ်စု ၂၃ အုပ်စုရှိရွာမြေများမှ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းများ ပြုလုပ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နယ်နိမိတ်သတ်မှတ်ရေး အရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိများ ခန့်ထားဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်များ တင်ပြထားမှုမရှိခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားမှုမရှိခြင်းတို့ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ်မှ ကျေးရွာ ခုနစ်ရွာအား တရားဝင်အသိအမှတ်ပြု ကျေးရွာခွဲများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြစ်သားမြို့နယ်မှ ကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာဧရိယာ ၇ ဒသမ ၈၂ ဧကမြေသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(လွန်ကျော်)၏ လုပ်သားရွာနှင့်ဝန်ထမ်း အိမ်ရာမြေအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိထားသော မြေဧရိယာအတွင်း ပါဝင်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ဥယျာဉ်ကျေးရွာမြေနေရာအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ခြင်း မရှိသည်ကို သဘောထားရရှိပြီး ဖြစ်ပါကြောင်း။

ကျေးရွာများ စနစ်တကျ ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများမှ အဆင့်ဆင့်တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံ၍ နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိပါက အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် ဆောင်ရွက်နိုင်ရေး မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြရမည် ဖြစ်ပါကြောင်း။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာမှလွဲ၍ ကျန်ကျေးရွာ ခြောက်ရွာအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာ အုပ်စု/ကျေးရွာများအား တိုးချဲ့/ပယ်ဖျက်/အမည်ပြောင်း ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရမည့်အချက် ၁၆ ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ဖော်ပြပါဥပဒေ/ လုပ်ထုံးလုပ်နည်းများတွင် အဆင့်အလိုက်အချိန်ယူ၍ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သဖြင့် လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများအား ရပ်ကွက်များအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရွှေတောင်မြို့နယ်သည် သရက်တောရပ်ကွက်၊ ကြာနီကန်ရပ်ကွက်နှင့် ယွန်းတန်းရပ်ကွက် ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မင်းတဲကျွန်းကျေးရွာသည် ယွန်းတန်းရပ်ကွက်အတွင်းရှိ လယ်မြေ ၁၃ ဒသမ ၇၅ ဧကကို မင်းတဲကျွန်းကျေးရွာဟု လည်းကောင်း၊ လယ်မြေ ၇ ဒသမ ၈၆ ဧကကို စစ်ကိုင်းကျွန်းကျေးရွာဟုလည်းကောင်း ပြောင်းရွှေ့နေရာချထားပေးပြီး ရပ်ကွက်အတွင်း တည်ရှိသည့်အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က)နှင့်အညီ လယ်မြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရန် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဆည်ကြီးကုန်းကျေးရွာအုပ်စုတွင် ရှိသော ဖိုးခေါင်ကျေးရွာနှင့် ညောင်ပိုင်းကျေးရွာတို့သည် သရက်တောရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိသော ရွာမြေအမျိုးအစားဖြစ်ပါကြောင်း၊ ယင်းကျေးရွာ နှစ်ရွာအား ရပ်ကွက်အဖြစ်တိုးချဲ့ဖွဲ့စည်းလိုပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး ခွင့်ပြုပါက မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) သည် သရက်ကုန်းရပ်ကွက်၊ ဆည်ကြီးကုန်း ကျေးရွာအုပ်စုနှင့် နွားမယံကျေးရွာအုပ်စုများတွင်တည်ရှိပြီး စက်ရုံနယ်မြေအတွင်းရှိ စံပြရပ်သည် သရက်ကုန်းရပ်ကွက်အတွင်းပါဝင်ပါကြောင်း၊ အောင်မြေသာရပ်သည် ဆည်ကြီးကုန်းကျေးရွာအုပ်စု၊ ကြက်ဖြူတောင်ကျေးရွာနှင့် ညောင်ပိုင်းကျေးရွာအတွင်း ပါဝင်ပါကြောင်း၊ စံပြရပ်နှင့် အောင်မြေသာရပ်တို့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)မှ ပိုင်ဆိုင်သည့် မြေဧရိယာ ၆၁၆ ဒသမ ၉၃ ဧကအတွင်း တည်ရှိနေပြီး အဆိုပါဝန်ကြီးဌာနက ခွင့်ပြုပေးနိုင်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားသည့်အတွက် ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ပါကြောင်း။

ကသစ်တိုင်းကျေးရွာအုပ်စု၊ တောင်လုံးညိုကျေးရွာနှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက် အကြားတွင် ဆည်ကြီးကုန်းကျေးရွာအုပ်စု၊ ဖိုးခေါင်ကျေးရွာ၊ သဲခုံကျေးရွာနှင့် မင်းရွာကျေးရွာတို့တည်ရှိနေခြင်း၊ နွားမယံကျေးရွာအုပ်စုရှိ နွားမယံကျေးရွာ၊ ဘယ်လက်ကျေးရွာနှင့် ဖိုးသိန်းတန်ကျေးရွာတို့သည် မြို့ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်း မရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ပါကြောင်း။

ကြို့ကုန်းကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာ၊ ဒေါင်းစွန်ကျေးရွာ၊ ရွာမကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ သပြေလှကျေးရွာတို့နှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်အကြားတွင် လယ်မြေ ၂၁၅ ဧကရှိပြီး မြို့မြေနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်း ထည့်သွင်းဖွဲ့စည်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေကို ကျော်လွန်ပြီး ဆောင်ရွက်နေမှုများကို မည်ကဲ့သို့ထိန်းညှိဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ခန္တီးခရိုင် ခန္တီးမြို့နယ်သည် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၈၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား ၄၉၆၈ ဦးရှိပါကြောင်း၊ ယာယီရွှေ့ဆိုင်းလျှောက်ထားနိုင်သည့် နိုင်ငံဝန်ထမ်း ၁၅၉၇ ဦး၊ အခြားပြုစုစောင့်ရှောက်သူမရှိသော မိဘအိုဖအိုများကို လုပ်ကျွေးနေသူ ၆၂၀ နှင့် ပညာသင်ကြားနေသော တက္ကသိုလ်/ကောလိပ် ကျောင်းသား ၁၃၇ ဦး၊ ကိုယ်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူ ၄၁၆ ဦး၊ မူးယစ်ဆေးစွဲနေ၍ ဆေးဖြတ်ရန် မက်သဒုန်းဆေးသောက်သုံးနေသူ အမျိုးသား ၂၀၈ ဦးရှိကြောင်း စိစစ်တွေ့ရှိရပြီး ယနေ့အထိ ပြည်သူ့စစ်မှုထမ်း ဆောင်ရန် ၃၂၀ အား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းရန်အတွက် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများဟု ဖော်ပြပါရှိသည့် ဦးဆားပါ အပါ ကိုးဦးနှင့်စပ်လျဉ်း၍ စိစစ်ခဲ့ရာ ဦးဆားပါ ဦးဖိုးချစ်လုံး၊ ဦးနောင်မိုင်၊ ဦးဇော်ဝင်းတို့လေးဦးတို့သည် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းရမည့်သူများ ဖြစ်သောကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၅) တွင် သင်တန်းတက်ရောက်လျက် ရှိပါကြောင်း၊ ဦးသီဟစိုးသည် သတ်မှတ်အသက် ကျော်လွန်နေခြင်း၊ ဦးသန်းထွန်းအောင်၊ ဦးရှိန်မင်းအောင်နှင့် ဦးမင်းသန့်တို့ သုံးဦးသည် လက်ရှိပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ခြင်း၊ ဦးညဏ်မြင့်လှိုင်သည် မိဘအိုဖအိုတို့အား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ခြင်းကြောင့် သတ်မှတ်စုရပ်သို့ မပို့ဆောင်မီ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ခံရသူကိုးဦးသည် ပုံစံ(၁) ပါအမည်စာရင်း ရေးသွင်းထားရှိသူများဖြစ်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ ပုံစံ (၂) ဖြင့် ဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်း မဟုတ်ပါကြောင်း ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်၏ **တောင်ကြီးမြို့မှ နမ့်စန်–တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ– တာချီလိတ်ကားလမ်းနှင့် တောင်ကြီးမြို့မှ နမ့်စန် – လင်းခေး – တာဆန်း – မိုင်းတုံ – မိုင်းဆတ်–တာချီလိတ် ကားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာ စစ်ဆေးရေးဂိတ်များအား စုစည်း၍ အရေးကြီးသောနေရာများတွင်သာ စစ်ဆေးရေးဂိတ်ဖွင့်လှစ်စစ်ဆေးခြင်းများ ဆောင်ရွက်၍ရနိုင်မှု ရှိ၊ မရှိ၊ အချက်အချာကျသော အရေးကြီးနေရာများတွင် X-Ray machine စက်များ ထားရှိစစ်ဆေးခြင်း၊ အချို့နေရာများတွင် mobile X-Ray machine စက်များဖြင့် ရွှေ့လျား စစ်ဆေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ စစ်ဆေးရေးဂိတ်များတွင် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဆောင်ရွက်မှုများ မရှိစေရေးအတွက် မည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည်နှင့် မည်သို့ဆောင်ရွက်နိုင်မှု အစီအစဉ်များအား သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တောင်ကြီး–နမ့်စန်–ကွန်ဟိန်း–မိုင်းပျဉ်း–ကျိုင်းတုံ–တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၁၆ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်နှင့် တုံတာမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်သုံးခုအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် လက်ရှိတွင် စစ်ဆေးရေးဂိတ် ၁၃ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်ကြီး–နမ့်စန်–လင်းခေး–မိုင်းတုံ–မိုင်းဆတ်–တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၂၁ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ ထွက် စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့ (ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်၊ နမ့်စန်မြို့ထွက်သံလမ်းလုံခြုံရေးဂိတ်နှင့် မိုင်းဆတ်မြို့ကာနလုံခြုံရေးဂိတ်လေးခုအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ယင်းလမ်းကြောင်းတွင် စစ်ဆေးရေးဂိတ် ၁၇ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်း။

အထက်ပါလမ်းကြောင်း နှစ်ခုတို့၌ လွိုင်လင်မြို့အဝင်စစ်ဆေးရေးဂိတ် (နေမင်းရောင် လမ်းတံတားကောက်ခံရေးဂိတ်) တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် နှစ်လုံး၊ ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံး၊ မိုင်းဆတ်မြို့နယ် မိုင်းတွမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံး၊ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံးနှင့် တာချီလိတ်မြို့အဝင် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေး စက် နှစ်လုံး စသည်တို့ဖြင့် စစ်ဆေးရေးဂိတ် ငါးနေရာတို့တွင် မူးယစ်ဆေးဝါးရှာဖွေရေး စက်များဖြင့် အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

X-Ray စက်များ၊ နည်းပညာမြင့်စက်ကိရိယာများ တပ်ဆင်နိုင်ခြင်းမရှိသေးသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ခရီးသည်များအား လူစုခွဲ၍စစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ စစ်ဆေးရာတွင် ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် မသင်္ကာသော၊ သတင်းရသော မော်တော်ယာဉ်များကို ဦးစားပေးစစ်ဆေးခြင်းများ ဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာမြင့် စက်ကိရိယာပစ္စည်းများအား ဘဏ္ဍာငွေခွဲဝေရရှိမှသာ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော်  ဇူလိုင်  ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ် မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းပြီး အတ္ထရံမြစ်ရေ မြင့်တက်ချိန်တွင် လမ်းရေကျော်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် မော်လမြိုင်(ဟသ်ာအဝိုင်း) - ကျိုက်မရောလမ်းနှင့် ကျိုက်မရော - ကျွန်းရွာလမ်းများအား လမ်းအဆင့် ပြန်လည်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မော်လမြိုင်(ဟသ်ာအဝိုင်း)-ကျိုက်မရောလမ်းပိုင်းတွင် အသွား၊ အပြန်လမ်း ဒွေးလမ်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ အပြန်လမ်းဘက်ခြမ်းတွင် ကျန်ရှိနေသော လမ်းသားတာပေါင်လုပ်ငန်း ၃ ဖာလုံ၊ အရှည် ပေ ၅၀ သံကူကွန်ကရစ်တံတား ၁ စင်း၊ Box Culvert ၂ စင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း ၆ ဖာလုံ၊ အုတ်စီရေမြောင်း ပြုလုပ်ခြင်း ၃ ဖာလုံ လုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေကျော်သောလမ်းပိုင်းများတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ၊ တံတားနှင့် Box Culvert များ၏ ရေလမ်းကြောင်းရှင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အရှည် ၂ ဖာလုံအား လမ်းပေါ်ရေမကျော်စေရန် လုံလောက်သောလမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျိုက်မရော- ကျွန်းရွာလမ်း၏ ရေကျော်သောအပိုင်းတွင် အရှည် ၁ ဒသမ ၅ ဖာလုံ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ချင်းဆက် မိုင်(၃၀)လမ်းအား အကျယ် ၁၂ ပေလမ်းမှ အကျယ် ၁၈ ပေ နိုင်လွန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်)ရန်ပုံငွေတွင် ထပ်မံ၍ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၂ မိုင်၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၃ မိုင် ၁ ဖာလုံ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်းတယမြို့မှ ရပ်စောက်မြို့အထိ လမ်းပိုင်းအား ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လက်ရှိ ၁၂ ပေ အကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင်ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးဇော်မြင့်၏ **မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ဆက်သွယ်ထားသော အတ္ထရံတံတား(ချောင်းနှစ်ခွ)အား အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါတံတား၏ ပျက်စီးသွားသော တံတားတိုင်အမှတ် P4 နှင့် P5 ကြား သံမဏိသံပေါင် ပေ ၂၄၀ ၁ခန်း၏ နေရာတွင် ပြန်လည်တည်ဆောက်မည့် သံမဏိသံပေါင်တံတား ဒီဇိုင်းပုံစံအသစ်အား ရေးဆွဲပြီးဖြစ်၍ စက်ရုံတွင် ထုတ်လုပ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားဖျက်သိမ်းခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေနည်းချိန်ကာလ ပွင့်လင်းရာသီတွင် ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်း၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလေ့ာ်ကျေးရွာအုပ်စုနှင့် မင်းဂုတ်ကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တို့တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်း၏ အပိုင်း(၁)နှင့် အပိုင်း(၂) သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအပိုင်းတွင်ပါဝင်ပြီး အပိုင်း(၃) လမ်းအရှည် ၁ မိုင်ခန့်သည် လတ်တလော လမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါကြောင်း၊ လမ်းအပိုင်း (၁)နှင့် (၂) စုစုပေါင်းလမ်းအရှည် ၂ မိုင် ၂ ဖာလုံခန့်ရှိ အမာခံလမ်းနှင့် မြေသားလမ်းများအား ကျောက်ခင်းလမ်း ၁ မိုင် ၄ ဖာလုံကို ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိနေသော အမာခံလမ်းပိုင်းများကိုလည်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသည့် လမ်းအပိုင်း(၃) မင်းဂုတ်(အပေါ်)ရွာ၏ တောင်ဘက်လမ်းပိုင်းအား လမ်းလွှဲပြောင်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသော ခရိုင်ချင်းဆက်လမ်းမကြီး (၃) ပိုင်းအား ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ထည့်သွင်း၍ အမြန်ဆုံးအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လမ်းပိုင်း(၁)တွင် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင်၊ လမ်းပိုင်း(၂)တွင် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၁ ဖာလုံ၊ လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၄ ဖာလုံတို့ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါ ခရိုင်ချင်းဆက်လမ်းမကြီး (၃)ပိုင်းအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၌ လမ်းပိုင်း(၁)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၆ ဖာလုံ ဆောင်ရွက်ခြင်း၊ လမ်းပိုင်း(၂)တွင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၅ ဖာလုံ ဆောင်ရွက်ခြင်းနှင့် လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၄ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၂ ဖာလုံ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါ လမ်းပိုင်း ၃ ပိုင်း၏ ကျန်ရှိနေသော လမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးမြင့်သိန်း၏ **ကယားပြည်နယ် လွိုင်ကော်၊ ပင်လောင်း၊ အောင်ပန်းလမ်းခွဲအထိ ရိုးရိုးကတ္တရာလမ်းမကြီးအား ၁၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကယားပြည်နယ်လွိုင်ကော်မြို့အဝင်လမ်းပိုင်းအား ပြည်ထောင်စုနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း ၁ မိုင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင်လည်း ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးတွင် ၂၃ ပေ (၇ မီတာ)အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်ခင်းခြင်း ၁ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေအကျယ်ရရန် ဒုအခြေခံလွှာချဲ့ခင်းခြင်း ၅ ဖာလုံ၊ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ နောင်တရားမြို့တွင်း လမ်းသားတာပေါင်ချဲ့ခြင်း ၁ မိုင် ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၃ ဖာလုံနှင့် ကျောက်စီရေမြောင်းနှင့် ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ၂၆၂၅ ပေလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား အများပြည်သူအသုံးပြုမှုများပြားသော မြို့တွင်းလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် လျာထားပြီးသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် လျာထားသည့်အတိုင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူပြီး **မြန်မာ-ထိုင်း လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ငိုက်မန်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်းက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်း

*စာမျက်နှာ ၁၀ သို့*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇူလိုင် ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံမှူး၊ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေမှု၊ ကမ္ဘာတစ်ဝန်း လူသားမျိုးနွယ်အား ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ် ဖောက်ကားမှုများကို တားဆီးနှိမ်နင်းလျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများဖြင့် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# မြန်မာလုပ်သားအတွက် ရသင့်ရထိုက်သည့်အခွင့်အရေးများ အပြည့်အဝရရှိစေရန် အလုပ်သမားသံအရာရှိရုံးမှကူညီဆောင်ရွက်ပေးနေ

**ရန်ကုန်  ဇူလိုင် ၂၂**

ထိုင်းနိုင်ငံ ဘော်ဝင်းအနီး ယာဉ်တိုက်ခံရပြီး သေဆုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ရသင့်ရထိုက်သည့်နစ်နာကြေး အခွင့်အရေးများ အပြည့်အဝရရှိစေရန် လိုက်ပါကူညီဆောင်ရွက်ပေးနေကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

အလုပ်သမားသံအရာရှိရုံးမှ အလုပ်သမားသံမှူးနှင့်အဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် ချွန်ဘူရီခရိုင် ဘော်ဝင်းရဲစခန်းသို့သွားရောက်ကာ ဇူလိုင် ၁၂ ရက်က ဘော်ဝင်းအနီး ယာဉ်တိုက်ခံရပြီး သေဆုံးခဲ့သည့် မြန်မာအလုပ်သမား ဦးစောကလောကလယ်ထူး၏ အမှုကိစ္စအတွက် ရသင့်ရထိုက်သောနစ်နာကြေးများ အပြည့်အဝရရှိရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်။



ထို့ပြင် ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ငါးစက်ရုံတစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားတစ်ဦး Forklift ယာဉ်ဖြင့် မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ရာမှ ယာဘက်ခြေထောက်တွင် ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေမှုအား သတင်းရရှိသဖြင့် ဇူလိုင် ၂၁ ရက်တွင် အလုပ်သမားသံမှူးနှင့် အဖွဲ့သည် အဆိုပါဆေးရုံသို့သွားရောက်ကာ ဖြစ်စဉ်အသေးစိတ်အား စုံစမ်းမေးမြန်းခဲ့ပြီးနောက် ၎င်းအတွက် ရသင့်ရထိုက်သည်များရရှိနိုင်ရန် လိုအပ်သည်များကို ကူညီချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အလုပ်သမားသံအရာရှိရုံး (Call Center) 020030015 ၊ အလုပ်သ မား သံမှူး (ဗန်ကောက်) 0618108454 ၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0626890119 ၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0652206952 ၊ အလုပ်သမားသံအရာရှိ (မဲဆောက်) 0652206953 ၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) 0945866607 ၊ အလုပ်သမားသံအရာရှိ(ရနောင်း) 0634818121 တို့ကို အကူအညီတောင်းခံ တိုင်ကြားနိုင်သည်။

**MT**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော်  ဇူလိုင် ၂၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# အေအိုင်နှင့် ကျွန်တော် (၁)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အသက်အရွယ်ငယ်ရွယ်သူများက အေအိုင်နှင့် အတော်ကိုရင်းနှီးကျွမ်းဝင်နေပြီး သူတို့၏ ကိစ္စအတော်များများကို အေအိုင်ဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဆိုလျှင် အေအိုင်က အရာရာဖြစ်သည်။ "ဒီ ဒီဇိုင်းလေးက အေအိုင်နဲ့ ဆွဲထားတာ၊ ဒီကိစ္စက အေအိုင်ကို မေးလိုက်တော့ အဖြေရတာ" စသဖြင့် အေအိုင်ကို အသုံးပြု၊ အသုံးချ၊ အေအိုင်နှင့် ရင်းနှီးကျွမ်းဝင်မှု အပြည့်။

မိမိလည်း ဆေးရုံဆေးခန်းထိ ပြသဖို့မလိုသည့် အသေးအဖွဲ သာမန်ကျန်းမာရေးကိစ္စမျိုး၊ စိတ်ဖိစီးမှုတွေများလာသည့်အချိန်မျိုးနှင့် စိတ်ထဲမရှင်းလင်းသည့်၊ မတင်မကျ အဖြေမရသည့်၊ မိမိအကျွမ်းတဝင်မရှိသည့် ကိစ္စများရှိလာချိန်မျိုးတွင် အေအိုင်နှင့် အဖော်ပြုနေသည်ဟု ပြောရလျှင်မမှား။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းတစ်ခုနှင့်ပတ်သက်၍ အဖြေကိုသဘောကျမိပြီး အငြိုးအတေးကြီးတတ်သူ၊ အတေးအမှတ်ကြီးတတ်သူ တစ်ဦးဦး ဖတ်မိပါက အကျိုးများရှိနိုင်မလားဟု ယခုလို မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း – အငြိုးအတေးကြီးတာ၊ အတေးအမှတ်ကြီးတာ ကောင်းသလား ။**

**အဖြေ – မကောင်းပါဘူး။** အငြိုးအတေးကြီးတာနဲ့ အတေးအမှတ်ထားတာဟာ မိမိကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်နှစ်ခုလုံးအတွက် **ကောင်းကျိုးထက် ဆိုးကျိုးကိုပဲ စိတ်ရောရုပ်ပါ ပိုမိုခံစားရစေပါတယ်။**

ဘာကြောင့် မကောင်းရတာလဲဆိုရင် –

**၁။ ကိုယ်တိုင်အတွက် စိတ်ရောဂါ၊ ရုပ်ရောဂါ ရစေခြင်း**

- **စိတ်ဆင်းရဲမှုကြာရှည်ခြင်း :** သူတစ်ပါးပြုမှုခဲ့တဲ့အမှားကို စိတ်ထဲမှာ ထပ်ကာထပ်ကာ စိစစ်တွေးတောနေတာဟာ **"သူများလုပ်ခဲ့တဲ့အမှားအတွက် မိမိကိုယ်ကို ပြန်လည်အပြစ်ပေးနေခြင်း"** နဲ့တူပါတယ်။
- **ကျန်းမာရေး ထိခိုက်ခြင်း :** အငြိုးအတေး၊ ဒေါသနဲ့ နာကြည်းမှုကို စိတ်ထဲမှာ ငုံထားတဲ့အခါ ခန္ဓာကိုယ်မှာ စိတ်ဖိစီးမှုဟော်မုန်း (Stress Hormones) တွေ ပိုထွက်လာပြီး **သွေးတိုး၊ နှလုံးရောဂါ၊ အိပ်မပျော်ခြင်း၊ အစာအိမ်ရောဂါနဲ့ ခုခံအားကျဆင်းခြင်း** စတဲ့ကျန်းမာရေးပြဿနာတွေကို ဖြစ်စေပါတယ်။

**၂။ ပေါင်းသင်းဆက်ဆံရေးကို ပျက်စီးစေခြင်း**

- အတေးအမှတ်ထားတတ်သူနဲ့ ပေါင်းသင်းရတာဟာ ဘေးလူတွေအတွက် ရင်လေးစရာဖြစ်စေပြီး ယုံကြည်မှုနဲ့ ရင်းနှီးမှုကို လျော့နည်းစေပါတယ်။
- တစ်စုံတစ်ယောက်က စေတနာနဲ့ အမှားပြင်ဆင်ဖို့ ကြိုးစားရင်တောင်မှ အငြိုးကြီးနေရင် ခွင့်မလွှတ်နိုင်တဲ့အတွက် ဆက်ဆံရေး ပျက်စီးသွားရပါတယ်။

**၃။ သံသရာနှင့် ကံတရားအရ အကျိုးမလှခြင်း**

- ဗုဒ္ဓဘာသာ သဘောတရားအရလည်း **ရန်ကို ရန်ချင်း တုံ့ပြန်လျှင် ရန်မငြိမ်းနိုင်**ပါဘူး။ အငြိုးအတေးဆိုတာ **ဒေါသနဲ့ မောဟ**အခြေခံတဲ့ အကုသိုလ်စိတ်ဖြစ်တာကြောင့် မိမိရဲ့ စိတ်ဓာတ်အဆင့်အတန်းကို ကျဆင်းစေပြီး ဘဝမှာ ငြိမ်းချမ်းမှုမရနိုင်ပါဘူး။

**အမှတ်ထားခြင်း နှင့် အငြိုးအတေးထားခြင်း ကွာခြားချက်**

ဒီနေရာမှာ မတူညီတဲ့ အချက်နှစ်ခုကို သတိပြုဖို့ လိုပါတယ် –

- **အငြိုးအတေး (Grievance / Resentment) :** "သူ့ကို ဘယ်လိုပြန်ကလဲ့စားချေရမလဲ၊ ဒုက္ခရောက်အောင်လုပ်ရမလဲ" ဆိုတဲ့ မကောင်းတဲ့ဒေါသစိတ်နဲ့ တုံ့ပြန်လိုခြင်း (ဒါက **အလွန်မကောင်း**ပါ)။
- **သင်ခန်းစာယူခြင်း (Learning / Boundries) :** တစ်ယောက်ယောက်က မိမိကို လိမ်ညာ၊ စော်ကားခဲ့ရင် "သူ့ကို နောက်တစ်ကြိမ် မယုံတော့ဘူး၊ လိုအပ်သလို ခပ်ခွာခွာနေမယ်" ဆိုပြီး သတိထားတာမျိုးကတော့ **မိမိကိုယ်ကိုကာကွယ်တဲ့ သင်ခန်းစာယူခြင်း** ဖြစ်လို့ သဘာဝကျပါတယ်။

**အနှစ်ချုပ် :** ခွင့်လွှတ်ခြင်း (Forgiveness) ဆိုတာ သူများကို သက်ညှာပေးလိုက်တာထက် **မိမိကိုယ်တိုင်ရဲ့ စိတ်နှလုံးကို ဒုက္ခစကြဝဠာထဲကနေ လွတ်မြောက်အောင် ကယ်တင်လိုက်ခြင်း** ဖြစ်ပါတယ်။ သင်ခန်းစာကို မေ့မပစ်ရင်တောင် အငြိုးအတေးကိုတော့ စိတ်ထဲကနေ လွှတ်ချလိုက်တာဟာ မိမိရဲ့ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး ဖြစ်ပါတယ်။



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ထုတ်ပေးမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်၍ ကျောင်းသား ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

စစ်ဆေးတွေ့ရှိပါက စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်” စာသားပါ စတေကာများ ကပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးမင်းသိန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဦးအောင်ပြည့်ဖြိုး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ဝေယံ(မရမ်းကုန်း)**

---

❍ *ကျောဖုံးမှ*

ပွဲဦးထွက်အဖြစ် အိမ်ကွင်းတွင်ကစားရမည့် မြန်မာအသင်းသည် ပရိသတ်အားပေးမှုဖြင့် ကစားရမည်ဖြစ်၍ စိတ်ဓာတ်ရေးရာအားသာချက်ရှိနေပြီး အုပ်စုတွင်းမှ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန် ရမှတ်အပြည့်ရယူရန် လိုအပ်သည်။ **နေမျိုး**

---

## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီနှင့် Naypyitaw State Polytechnic University တို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ နေပြည်တော်ကောင်စီလူငယ်ရေးရာ ကော်မတီနှင့် Naypyitaw State Polytechnic University တို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ၌ ကျင်းပရာ ဦးစွာ Naypyitaw State Polytechnic University ကျောင်းသား ကျောင်းသူများက “Welcome to NSPU” သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက AI အသိပညာဆွေးနွေးပွဲမှသည် AI ကို မြင့်သထက်မြင့်အောင် တီထွင်နိုင်စေရန်ဖြစ်ကြောင်း၊ သုံးစွဲသူကျင့်ဝတ်နှင့်အညီ လူငယ်အိပ်မက်များကို AI နည်းပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြား၍ Naypyitaw State Polytechnic University ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်များ ပါဝင်အကြံပြုတိုင်ပင် ဆွေးနွေးပေးကြစေလိုကြောင်းပြောကြားပြီး ဦးဆောင်ဆွေးနွေးမည့် စွန့်ဦးတီထွင်လူငယ်ကိုယ်စားလှယ်နှင့် ပါဝင်ဆွေးနွေးမည့် ကျောင်းသား ကျောင်းသူလေးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် “AI နှင့် အနာဂတ်လူငယ်” ခေါင်းစဉ်ဖြင့် လူငယ်ကိုယ်စားလှယ်နှင့် ကျောင်းသားကျောင်းသူလေးဦးတို့က အသိပညာပေးဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက AI နှင့်ပတ်သက်သည့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲ့လွဲ့သိန်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



---

❖ *ကျောဖုံးမှ*

ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စုပေါင်း ၁၀၅၀၀ ခန့်အတွက် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကညင်ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားများကို အမျိုးသားဓာတ်အား ကွန်ရက်စနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေးအတွက် အင်္ဂပူမြို့နယ် ထူးကြီးမြို့တွင် ၃၃/၆၆ ကေဗွီ ဓာတ်အားခွဲရုံ ဆောက်လုပ်ပြီးစီးမှုနှင့် ၆၆ ကေဗွီ မြန်အောင်-ဟင်္သာတ အမှတ် (၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမတွင်ပြုလုပ်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် အောင်မြင်ရေးအတွက် မြို့နယ်/ခရိုင်အဆင့်တွင် တစ်ပတ်လျှင် တစ်ကြိမ်နှင့် တိုင်းဒေသကြီးအဆင့်တွင် တစ်လလျှင် တစ်ကြိမ် တွေ့ဆုံပွဲများပြုလုပ်၍ ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင်လည်း တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



---

❊ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၅၁ မိနစ်တွင် သော်တာနှင်းက တစ်ဂိုး၊ ၆၅ မိနစ်တွင် စန္ဒာအောင်က တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သည်။ အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် နန်းဖြူဖြူသွယ်က အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိခဲ့သဖြင့် မြန်မာအမျိုးသမီးလိဂ်၌ လေးပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားတတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ယနေ့ ညနေ ၃ နာရီခွဲ YUSC ကွင်း၌ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို လေးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲတွင် သစ္စာအားမာန်အသင်း တိုက်စစ်မှူး မြတ်နိုးခင်က နှစ်ဂိုးသွင်းယူပေးခဲ့သည့်အပြင် ဂိုးဖန်တီးမှုများပါ ပြုလုပ်ပေးနိုင်ခဲ့သဖြင့် AYA Pay မှ ချီးမြှင့်သည့် AYA Pay Player of the Match အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

---

✻ *ကျောဖုံးမှ*

သပြေရေရပ်ကွက်ရှိ အမက-သပြေရေနှင့် ကံကြီးကျေးရွာအုပ်စုရှိ အမက-လက်ပံကုန်းကျောင်းများရှိ အခြေခံပညာ ကျောင်းသားကျောင်းသူ ၃၉၉ ဦးအား နွားနို့ ပိဿာ ၄၀ နှင့် ကြက်ဥပြုတ် ၃၉၉ လုံးတို့ကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဖြည့်စွက်အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❑ *ကျောဖုံးမှ*

အသက် ၂၃ နှစ်အရွယ် ရော်ဂျာစ်သည် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့် အပါအဝင် ချယ်ဆီးအသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ယင်းအပြောင်းအရွှေ့မှာ ၂၀၂၃ ခုနှစ်က အန်ဇိုဖာနန်ဒက်စ်၏ ပြောင်းရွှေ့ကြေး ပေါင် ၁၀၇ သန်းကို ကျော်လွန်ကာ ချယ်ဆီးအသင်း သမိုင်းတစ်လျှောက်တွင် တန်ဖိုးအမြင့်ဆုံး ခေါ်ယူမှုဖြစ်လာခဲ့ပြီး အင်္ဂလန်ကစားသမားတစ်ဦးအတွက်လည်း ပြောင်းရွှေ့ကြေး စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ရော်ဂျာစ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲထွက်ကစားခွင့် သုံးပွဲအပါအဝင် စုစုပေါင်း ခုနစ်ပွဲအထိ ပါဝင်ကစားထားပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ထားသည်။ ထို့အပြင် ၎င်းသည် ပြီးခဲ့သည့်ရာသီက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲပေါင်း ၅၅ ပွဲတွင် ၁၄ ဂိုးသွင်းပြီး ၁၂ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

**အောင်ဇော်**

---

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဒီဂျစ်တယ်ခေတ်ပြောင်းလဲမှုနှင့်အတူ အရှိန်အဟုန်မြင့်လာသည့် မြန်မာ့အခွန်စနစ်

**မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းတွင် ဒီဂျစ်တယ်နည်းပညာဖြစ်ထွန်းတိုးတက်ကူးပြောင်းမှုသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားဖြစ်လာပါသည်။ ကမ္ဘာ့စီးပွားရေးအပေါ်သက်ရောက်မှုများကလည်း လျင်မြန်လာပြီး နိုင်ငံတိုင်းအတွက် အခွင့်အလမ်းဖြစ်စေနိုင်သလို ခြိမ်းခြောက်မှု အဖြစ်လည်း အသွင်ပြောင်းသွားနိုင်ပါသည်။ ဖြစ်ပေါ်လာသည့် အခွင့်အလမ်းများကို ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုး တိုးတက်ရန်အတွက် အမိအရအသုံးချနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။**

***ကိုခိုင်(ပြည်တွင်းအခွန်)***

> ❖ **ဒီဂျစ်တယ်နည်းပညာများဖြင့် ခေတ်မီဆန်းသစ်လာသည့် မြန်မာ့အခွန်စနစ် အောင်မြင်စွာ လည်ပတ်နိုင်ရန် အဓိကလိုအပ်သောသော့ချက်မှာ အခွန်ထမ်းပြည်သူတစ်ဦးချင်းစီသည် မိမိတို့၏ အခွန်ကြေညာလွှာများကို မှန်ကန်စွာ ဖြည့်သွင်းပြီး အခွန်ဘဏ္ဍာငွေများကို တာဝန်သိသိပေးဆောင်ကြရန်ပင်ဖြစ်**
>
> ❖ **နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုရာတွင် အခွန်ဘဏ္ဍာငွေများကို မမြင်ရသော်လည်း လမ်းသစ်များ၊ တံတားသစ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ နောက်ကွယ်တွင် အခွန်ထမ်းပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကိုတည်ဆောက်ရာတွင် မိမိကိုယ်တိုင် ပါဝင်ထမ်းဆောင်နေခြင်းပင်ဖြစ်**

နည်းပညာဖြစ်ထွန်းတိုးတက်ပြောင်းလဲလျက်ရှိသော ၂၁ ရာစု ဒီဂျစ်တယ်ခေတ်တွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ လိုအပ်ချက်များကို အထိရောက်ဆုံး၊ အမြန်ဆုံးနှင့် ပွင့်လင်းမြင်သာမှုအရှိဆုံးပေးအပ်နိုင်ရန် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုများ နိုင်ငံတော်၏ကဏ္ဍအသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ပြည်သူများအတွက် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကလိုအပ်ချက်မှာ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေပင်ဖြစ်ပါသည်။ ထိုဘဏ္ဍာရန်ပုံငွေ၏ အရေးပါဆုံးရင်းမြစ်တစ်ခုမှာ အခွန်ဘဏ္ဍာငွေပင် ဖြစ်ပါသည်။ ၂၁ ရာစုဒီဂျစ်တယ်ခေတ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်တာဝန်များကို ပိုမိုလွယ်ကူမြန်ဆန်စွာ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် ခေတ်မီဒီဂျစ်တယ်အခွန်စနစ်သို့ အသွင်ကူးပြောင်းနိုင်ရေး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၉ ရာစုတွင် ဒီဂျစ်တယ်နည်းပညာဖြစ်ထွန်းတိုးတက်မှုမရှိခဲ့သေးပါ။ ထိုကာလတွင် ဥရောပတွင် စက်မှုတော်လှန်ရေးပေါ်ပေါက်ခဲ့ပြီး စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာကာ ဈေးကွက်များ အပြိုင်ရှာဖွေ၍ ကိုလိုနီနယ်များအပြိုင်ချဲ့ထွင်ခဲ့ကြပါသည်။ ၂၀ ရာစု အစောပိုင်း ကာလများသည် ဒီဂျစ်တယ်နည်းပညာခေတ်ကြီးအတွက် ကနဦး အခြေခံသိပ္ပံပညာရပ်များ ထွန်းကားသည့် ခေတ်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏အခွန်ဥပဒေများကို အထက်ပါကာလများတွင် ရေးဆွဲပြဋ္ဌာန်းပေးခဲ့ကြပါသည်။

အဆိုပါကာလများတွင် မိတ်ဖက်နိုင်ငံများသည် နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများ အပေါ် အခွန်ကင်းလွတ်မှုလျှော့နည်းမှုမရှိစေရန် နှစ်နိုင်ငံအခွန်နှစ်ထပ်မကျသင့်ရေး စာချုပ်များ (Avoidance of Double Taxation Agreement) ချုပ်ဆိုကာ ရသင့်ရထိုက်သောအခွန်များရရှိရန် ဆောင်ရွက်ခဲ့ကြပါသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံပေါင်း ရှစ်နိုင်ငံနှင့် အခွန်နှစ်ထပ်မကျသင့်ရေးစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း လေ့လာသိရှိရပါသည်။ သို့သော်မျက်မှောက်ခေတ် ၂၁ ရာစု အစော ပိုင်းကာလရောက်ရှိချိန်တွင် ဒီဂျစ်တယ်နည်းပညာ ဖြစ်ထွန်းတိုးတက်ပြောင်းလဲမှုများဖြစ်သော အင်တာနက်ပေါ်ပေါက်လာခြင်းကြောင့် အွန်လိုင်းပလက်ဖောင်းဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်လာကြခြင်း၊ e-Commerce ဖြစ်ထွန်းတိုးတက်လာခြင်းကြောင့် နယ်နိမိတ်မရှိသော ဈေးကွက်နှင့် စီးပွားရေးပုံစံအသစ်များ ပေါ်ထွန်းလာပြီး ဒီဂျစ်တယ်နည်းပညာများ တစ်ရှိန်ထိုးတိုးတက်လာသဖြင့် ဆိုရှယ်မီဒီယာများက လူမှုဘဝနေရာစုံ လွှမ်းမိုးချုပ်ကိုင်လာပါသည်။

အခွန်တိမ်းရှောင်လိုသော နိုင်ငံစုံကုမ္ပဏီကြီးများကလည်း ၂၀ ရာစုက ပြဋ္ဌာန်းခဲ့သည့် အခွန်ဥပဒေများ၏ ပျော့ကွက်၊ ဟာကွက်များကို အသုံးချ၍ အခွန်ဘဏ္ဍာများကို တိမ်းရှောင်ရန်ကြိုးပမ်းလာကြပါသည်။ အဆိုပါ အခွန်ရှောင်တိမ်းငွေများမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀-၅၀၀ ခန့်ရှိပြီး မည်သည့်နိုင်ငံကမှ စည်းကြပ်ကောက်ခံနိုင်ခြင်းမရှိခဲ့ပေ။

အကြောင်းမှာ အခွန်စည်းကြပ်ကောက်ခံရန် သတ်မှတ်ထားသော အမြဲတမ်းလုပ်ငန်းတည်ရှိရာနေရာ၊ ဝင်ငွေပေါ်ထွက်ရာ အရင်းအမြစ်နေရာ စသည်တို့နှင့် ပတ်သက်၍ နိုင်ငံအသီးသီး၏ အခွန်ဥပဒေများတွင် လစ်ဟာအားနည်းချက်များရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ အခွန်အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းဖြေရှင်းနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ထို့ကြောင့် ဒီဂျစ်တယ်နည်းပညာ ဖြစ်ထွန်းတိုးတက်ပြောင်းလဲမှုများသည် အထက်ပါအချက်များအရ နိုင်ငံအသီးသီး၏ အခွန်ဘဏ္ဍာငွေ အပြည့်အဝကောက်ခံရရှိနိုင်မှုအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေခဲ့ပါသည်။ ထိုသို့ဖြစ်ရသည့် အဓိကအကြောင်းရင်းများမှာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပေါင်းစည်းမှုကြောင့် နယ်စပ်ဖြတ်ကျော်လုပ်ငန်းများ တိုးတက်လာခြင်းနှင့် ရာစုနှစ်တစ်ခုနီးပါးကြာနေပြီဖြစ်သော အခွန်စည်းမျဉ်းများသည် ခေတ်သစ်ဒီဂျစ်တယ်စီးပွားရေးပုံစံများကို လိုက်မမီတော့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

နိုင်ငံစုံကုမ္ပဏီကြီးများသည် နိုင်ငံအသီးသီး၏ အခွန်ဥပဒေကွာဟချက်များကို အသုံးချကာ အခွန်ပေးဆောင်မှုကို လျှော့ချလာကြသည်။ ဤသို့ အခွန်ရရှိမှု နည်းပါးလာခြင်းနှင့် မမျှတမှုများကို ဖြေရှင်းရန် OECD နှင့် G20 နိုင်ငံများသည် ၂၀၁၃ ခုနှစ်တွင် Base Erosion and Profit Shifting (BEPS) အစီအစဉ်ကို ချမှတ်ကာ ပူးပေါင်းဆောင်ရွက်ရန် အချက် ၁၅ ချက်ပါလုပ်ငန်းစီမံချက်များ (15 Action Plans) ကို စတင်ရေးဆွဲချမှတ်ခဲ့ကြပါသည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ အနည်းဆုံးအခွန်နှုန်းထား သတ်မှတ်ချက် (Pillar Two Global Minimum Tax) ကဲ့သို့သော စည်းမျဉ်းသစ်များဖြင့် နိုင်ငံတကာအခွန်ပွင့်လင်းမြင်သာမှုနှင့် အလိုအလျောက် သတင်းအချက်အလက်ဖလှယ်ရေးစနစ် (Automatic Exchange of Information – AEOI) များကို တိုးမြှင့်ဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့သည်လည်း ၎င်းတို့၏ ပြည်တွင်းအခွန်ဥပဒေများကို OECD ၏ BEPS မူဘောင်များနှင့်အညီ အလျင်အမြန် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာနှင့်ဒေသတွင်း အခွန်ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာ ယိုစိမ့်မှုများကို ကာကွယ်လျက်ရှိကြပါသည်။

အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် "ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်း" (One Belt One Road / BRI) ခေါင်းစဉ်အောက်တွင် ဖွဲ့စည်းထားသော Belt and Road Initiative Tax Administration Cooperation Mechanism (BRITACOM) အဖွဲ့ဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရန်၊ အခွန်အငြင်းပွားမှုများကို လျှော့ချရန်နှင့် အခွန်ပတ်ဝန်းကျင်ကောင်း (Growth-Friendly Tax Environment) တစ်ခုကို တည်ဆောက်ရန်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် BRITACEG (Belt and Road Initiative Tax Administration Capacity Enhancement Group)နှင့် ယင်း၏ အွန်လိုင်းသင်တန်းကျောင်းများ (BRITACEF)မှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများမှ အခွန်အရာရှိထောင်ပေါင်းများစွာကို အဆင့်မြင့်အခွန်စီမံခန့်ခွဲမှု၊ ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုများနှင့် သွယ်ဝိုက်ခွန် (Indirect Tax) ဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ အခွန်ဌာနများသည် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန် ဒီဂျစ်တယ်နည်းပညာဗဟိုပြုအခွန်စနစ် (Digital Centric Tax System) သို့ အရှိန်အဟုန်မြင့် ပြောင်းလဲနေကြပြီ ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ Business Ready (B-Ready) အစီရင်ခံစာ၊ အညွှန်းကိန်းအသစ်များအရ အခွန်ပေးဆောင်ရမည့်အချိန် (Paying Taxes Time) နှင့် အခွန်ပေးသွင်းရမည့် အကြိမ်ရေတို့ကို လျှော့ချပေးနိုင်ခြင်းသည် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရန် အဓိက သော့ချက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့ဘဏ်၏ ယခင် Ease of Doing Business (EoDB) အစီရင်ခံစာတွင် စီးပွားရေးလုပ်ငန်းများအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးရေး၊ ကုန်ကျစရိတ်နှင့် အချိန်သက်သာစေရေးကိုသာ အဓိကထားခဲ့သော်လည်း ယခုအစားထိုးပြောင်းလဲလိုက်သော Business Ready (B-READY) စနစ်သည် ဥပဒေမူဘောင်များကို လက်တွေ့အကောင်အထည်ဖော်မှု၊ လူ့စွမ်းအားအရင်းအမြစ်၊ စားသုံးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ဘက်စုံကဏ္ဍများကို ဟန်ချက်ညီစွာ တိုင်းတာထားပါသည်။

ဥပမာအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အခွန်ဦးစီးဌာန (State Tax Administration) သည် "China Tax Express" ပလက်ဖောင်းနှင့် ဒီဂျစ်တယ်စနစ်သုံး အီလက်ထရောနစ်ပြေစာ (Fully Digitalized Electronic Invoices-FDEIs) သို့မဟုတ် “Fapiao” စနစ်ကိုကျင့်သုံးပြီး အခွန်ကောက်ခံမှု လုပ်ငန်းစဉ်တစ်ခုလုံးကို စက္ကူမဲ့(Paperless) ဖြစ်အောင် အချိန်နှင့် တစ်ပြေးညီ (Real-time) ဒေတာဗဟိုပြုစောင့်ကြည့်စစ်ဆေးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နယ်စပ်ဖြတ်ကျော် အခွန်ထမ်းများအတွက် WeChat ကဲ့သို့သော မိုဘိုင်းချန်နယ်များမှတစ်ဆင့် ဘာသာစကားနှစ်မျိုး အသုံးပြု၍ စမတ်အခွန်ဝန်ဆောင်မှုများ ပေးအပ်ကာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရ လွယ်ကူမှုကို မြှင့်တင်ပေးခဲ့ပါသည်။

စင်ကာပူနှင့် ဩစတြေးလျကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အခွန်ထမ်းများ၏ အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုမှတ်တမ်းများအပေါ် အခြေခံ၍ အခွန်ထမ်းအဆင့်သတ်မှတ်ခြင်းများကို ကျင့်သုံးလျက်ရှိပါသည်။ ယင်းစနစ်များအရ အခွန်တာဝန်များကို မှန်ကန်စွာထမ်းဆောင်ပြီး ဥပဒေကို လေးစားလိုက်နာသော အခွန်ထမ်းများအား ဦးစားပေးဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ပိုမိုလွယ်ကူမြန်ဆန်သောလုပ်ငန်းဆောင်ရွက်ခွင့်များနှင့် အခြားအကျိုးကျေးဇူးများအား ပေးအပ်လျက်ရှိရာ အခွန်လိုက်နာမှု ယဉ်ကျေးမှုကို ပိုမိုခိုင်မာအားကောင်းစေပါသည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဒီဂျစ်တယ်အခွန်စနစ်၏ ဖြစ်ထွန်းတိုးတက် ပြောင်းလဲမှုခရီးလမ်းကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အခွန်ဝန်ထမ်းနှင့် အခွန်ထမ်းပြည်သူတို့ ထိတွေ့ဆက်ဆံရသည့် သမားရိုးကျအခြေခံအဆင့်မှ လူချင်းထိတွေ့ဆက်ဆံစရာမလိုတော့သော အွန်လိုင်းဝန်ဆောင်မှုများကို ပေးအပ်သည့် ဒီဂျစ်တယ်ကူးပြောင်းရေး ဒုတိယအဆင့်နှင့် အခွန်ဌာနများ၏ စနစ်များနှင့် အခွန်ထမ်းများ၏ စနစ်များ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရသည့် တတိယအဆင့်ဟူ၍ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းပြောင်းလဲလာသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်သည် အစိုးရတစ်ရပ်တည်း၏ တာဝန်မဟုတ်တော့ဘဲ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရမည့် အမျိုးသားတာဝန်တစ်ရပ်လည်း ဖြစ်လာပါသည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် နိုင်ငံတကာ၏အတွေ့အကြုံကောင်းများကို အခြေခံ၍ အခွန်ထမ်းပြည်သူများအတွက် ပိုမိုလွယ်ကူမြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိသော ဒီဂျစ်တယ်အခွန်စနစ်သို့ ရောက်ရှိရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ အခွန်စနစ်တွင် ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်လိုအပ်လျက်ရှိသော အဓိကကျသော အချက်နှစ်ချက်တွင် ပထမအချက်မှာ လက်ရှိတည်ဆဲအခွန်ဥပဒေများသည် နိုင်ငံတကာတွင် ကျင့်သုံးသော အခွန်ဥပဒေများနှင့် လိုက်လျောညီထွေမှုရှိရန်နှင့် ထိုဥပဒေများသည် ဒီဂျစ်တယ်အခွန်စနစ်သို့ ကူးပြောင်းနိုင်ရန် အဆင်သင့်ဖြစ်နေရပါမည်။

ပြည်တွင်းအခွန်များဦးစီးဌာနက ထိုသို့ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့ရေစီးကြောင်းနှင့်အညီ မြန်မာနိုင်ငံ၏အခွန်စနစ်ကိုလည်း ခေတ်မီဒီဂျစ်တယ်စနစ်များဖြင့် အခွန်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်၊ အခွန်ထမ်းပြည်သူများအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရန်နှင့် အခွန်စီမံခန့်ခွဲမှု ပိုမိုထိရောက်စေရန် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ *စာမျက်နှာ ၁၃ သို့*

# တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္မကြီးကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်အနေဖြင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်သော ကလေး-တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများသည် အဆိုပါလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအား ညမနား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ခါမ်းပါတ်မြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီ အခြေပြုနေထိုင်သည့် ကမ္မကြီး(ချင်း) ကျေးရွာအား ဇူလိုင် ၁၉ ရက်တွင်လည်းကောင်း၊ ကမ္မကြီး (ဗမာ) ကျေးရွာအား ဇူလိုင် ၂၁ ရက်တွင် လည်းကောင်း အသီးသီး ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းကုန်စည် စီးဆင်းမှုအတွက် များစွာအထောက်အကူပြုအရေးပါသည့် ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္မကြီးကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ နေရာပြမြေပုံ။



အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှု။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း ခံစစ်စခန်းများပြုလုပ်ထားရှိမှု။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကမ္မကြီးကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း ခံစစ်စခန်းများပြုလုပ်ထားရှိမှု။

*စာမျက်နှာ ၁၂ မှ*

အခွန်ရုံးမှအခွန်စည်းကြပ်မှုစနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်မှုစနစ်သို့ ကူးပြောင်းနိုင်ရန်နှင့် အခွန်အခြေပြုဌာနဖွဲ့စည်းပုံမှ လုပ်ငန်းတာဝန်အခြေပြုသည့် ဌာနဖွဲ့စည်းပုံသို့ ပြောင်းလဲဖွဲ့စည်းရန် လိုအပ်သော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၀)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပြီး အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေတွင် အခွန်ထမ်းတစ်ဦးချင်းစီသည် မတူညီသောအခွန်ထမ်းအမှတ်တစ်ခုချင်းစီ မဖြစ်မနေရယူရန် သတ်မှတ်ပြဋ္ဌာန်းထားချက်သည် ဒီဂျစ်တယ်အခွန်စနစ်သို့ ကူးပြောင်းရန် ဥပဒေပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်တစ်ခု တည်ဆောက်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အွန်လိုင်းအခွန်ထမ်းမှတ်ပုံတင်စနစ်ကို ၂၀၂၂ ခုနှစ် မေလမှစ၍ ကျင့်သုံးနိုင်ခဲ့ပါသည်။ ယခင်က ဂဏန်း ၉ လုံးပါသော အခွန်ထမ်းအမှတ် (Unique TIN) ရရှိရန်နှင့် အခွန်မှတ်ပုံတင်ရန်အတွက် ရုံးဌာနများသို့ လူကိုယ်တိုင် သွားရောက်ပြီး စက္ကူစာရွက်စာတမ်းအမြောက်အမြားဖြင့် လျှောက်ထားရသည့်စနစ်မှ ယခုအခါ အွန်လိုင်းပေါ်မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေးလွယ်ကူစွာ လျှောက်ထားရယူနိုင်သည့် e-Registration စနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းသစ်များ စတင်ရန်အတွက် အခွန်ဆိုင်ရာလုပ်ငန်းစဉ်အတားအဆီးများကို များစွာလျှော့ချပေးနိုင်ခဲ့ပါသည်။

အခွန်ထမ်းမှတ်ပုံတင်လက်မှတ်(TIN Certificate) ရရှိပြီးပါက ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Website တွင် အခွန်ကြေညာလွှာတင်သွင်းသည့်စနစ်သို့ဝင်ရောက်၍ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့၏ သုံးလ တစ်ကြိမ် သို့မဟုတ် နှစ်ချုပ်အခွန်ကြေညာလွှာများကို ရုံးပိတ်ရက်မရှိ ၂၄ နာရီပတ်လုံး အွန်လိုင်းစနစ်(e-Filing)ဖြင့် တင်သွင်းနိုင်ပြီဖြစ်သည်။ ဤစနစ်ကြောင့် စက္ကူအသုံးပြုမှု၊ ကုန်ကျစရိတ်နှင့် သွားလာရမည့်အချိန်များကို သက်သာစေသည့်အပြင် အခွန်ဌာနအနေဖြင့်လည်း အခွန်ထမ်းများ တင်သွင်းသည့် အချက်အလက်များကို ဘေးကင်းလုံခြုံစွာဖြင့် ဒေတာစင်တာတွင် စနစ်တကျထိန်းသိမ်းခွဲခြမ်းစိတ်ဖြာနိုင်ပြီ ဖြစ်သည်။ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုတော့သည့်အတွက် မလိုအပ်သော ကုန်ကျစရိတ်များကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ပြည်တွင်းအခွန်များဦးစီးဌာနသည် အွန်လိုင်းမှ အခွန်ပေးသွင်းသည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် အခွန်ထမ်းပြည်သူများသည် အခွန်ငွေပေးဆောင်ရန်အတွက် ဘဏ်များတွင် တန်းစီရခြင်း၊ ငွေသားသယ်ဆောင်ရခြင်းနှင့် အခြားဆုံးရှုံးမှု အန္တရာယ်ရှိနိုင်ခြေများကို ကျော်လွှားနိုင်ခဲ့ပါသည်။

မိုဘိုင်းဘဏ်စနစ်၊ အင်တာနက်ဘဏ်စနစ်နှင့် MPU ကတ်များ အသုံးပြု၍ ကလစ်တစ်ချက်နှိပ်ရုံဖြင့် အခွန်ငွေများကို တိုက်ရိုက် လွှဲပြောင်းပေးသွင်းနိုင်သည့် e-Payment စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထိုစနစ်သည် အခွန်ထမ်းများအတွက် အခွန်ဆိုင်ရာ လိုက်နာမှုကုန်ကျစရိတ် (Compliance Cost)ကို အထိရောက်ဆုံး လျှော့ချပေးနိုင်ခဲ့ပါသည်။

ဒီဂျစ်တယ်နည်းပညာများဖြင့် ခေတ်မီဆန်းသစ်လာသည့် မြန်မာ့အခွန်စနစ်အောင်မြင်စွာ လည်ပတ်နိုင်ရန် အဓိကလိုအပ်သောသော့ချက်မှာ အခွန်ထမ်းပြည်သူတစ်ဦးချင်းစီသည် မိမိတို့၏ အခွန်ကြေညာလွှာများကို မှန်ကန်စွာဖြည့်သွင်းပြီး အခွန်ဘဏ္ဍာငွေများကို တာဝန်သိသိပေးဆောင်ကြရန်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏အခွန်ရငွေများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ပြည်တွင်းအခွန်များဦးစီးဌာနသည် နှစ်စဉ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နိုင်ငံတော်က ကောက်ခံရန် လျာထားသတ်မှတ်သောလျာထားချက် အခွန်တာဝန်များကို ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်ခဲ့ပါသည်။ အဆိုပါရလဒ်များသည် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် အခွန်ထမ်းပြည်သူတစ်ဦးချင်းစီ၏ အခွန်တာဝန်ကျေပွန်မှုများပင်ဖြစ်ကြောင်း မှတ်တမ်းတင်လိုပါသည်။

ဒီဂျစ်တယ်အခွန်စနစ်များ၏ ရည်ရွယ်ချက်မှာ အခွန်ထမ်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော လုပ်ထုံးလုပ်နည်းများကို လျှော့ချပေးရန်၊ ပွင့်လင်းမြင်သာမှု တိုးတက်စေရန်နှင့် အခွန်ပေးဆောင်မှုကို ပိုမိုလွယ်ကူစေရန်ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်မီအခွန်စနစ်တစ်ရပ်၏ အောင်မြင်မှုသည် နည်းပညာတိုးတက်မှုတစ်ခုတည်းအပေါ် မူတည်နေခြင်းမဟုတ်ဘဲ အခွန်ထမ်းပြည်သူများ၏ အသိစိတ်ဓာတ်၊ တာဝန်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်လည်း များစွာမူတည်လျက်ရှိပါသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုရာတွင် အခွန်ဘဏ္ဍာငွေများကို မမြင်ရသော်လည်း လမ်းသစ်များ၊ တံတားသစ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ နောက်ကွယ်တွင် အခွန်ထမ်းပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကိုတည်ဆောက်ရာတွင် မိမိကိုယ်တိုင် ပါဝင်ထမ်းဆောင်နေခြင်းပင် ဖြစ်ပါသည်။

နည်းပညာသည် ခေတ်မီစီမံခန့်ခွဲမှုတို့၏ အလယ်ဗဟိုတွင်ရှိသည့်အတွက် ဒီဂျစ်တယ်အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် ဆိုင်ရာဌာနအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

# ဂျပန်နိုင်ငံ၌ အပူချိန်လွန်ကဲမှု ဆက်လက်ဖြစ်ပွားပြီး နှစ်ရက်ဆက် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထက်ရှိလာ




**တိုကျို ဇူလိုင် ၂၂**

ဂျပန်နိုင်ငံ၌ ပြင်းထန်သော အပူချိန်လွန်ကဲမှု ဆက်လက်ဖြစ်ပွားနေပြီး လေဖိအားမြင့် ရပ်ဝန်းကြောင့် နှစ်ရက်ဆက်တိုက် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထက်ရှိလာကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီအထိ အမြင့်ဆုံးအပူချိန်မှာ မိအဲခရိုင် ကူဝါနာမြို့တွင် ၄၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်အထိရှိကြောင်း၊ ရှီဇုအိုကာခရိုင် ဟာမာမတ်ဆုမြို့တွင် ၄၀ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်းနှင့် အခြားသော မြို့များတွင်လည်း အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထက်ရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်တွင် အပူချိန်လွန်ကဲမှုဒဏ် ခံစားရသည်ဟု ယူဆရသူ ၂၈၇ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း တိုကျိုမီးသတ်ဦးစီးဌာနက ပြောသည်။ မိုးလေဝသအေဂျင်စီက ခရိုင် ၄၁ ခုတွင် အပူချိန်လွန်ကဲမှုဆိုင်ရာ သတိပေးချက်များကို ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

အခြားသတင်းတစ်ရပ်တွင် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သီတင်းတစ်ပတ်အတွင်း အပူလျှပ်မှုကြောင့် ဆေးရုံတင်ရသူပေါင်းမှာ ၁၀၀၀၀ ကျော်ရှိလာကြောင်း ဖော်ပြထားသည်။ ဇူလိုင် ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း နိုင်ငံတစ်ဝန်း အပူလျှပ်မှုကြောင့် ဆေးရုံတင်ပို့ရသူပေါင်း ၁၀၈၅၇ ဦး အထိရှိပြီး ယင်းမှာ ယခင်သီတင်းပတ်က အရေအတွက်ထက် နှစ်ဆကျော်မြင့်တက်လာကြောင်း မီးသတ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ၂၃ ဦး သေဆုံး

**ကဘူးလ် ဇူလိုင် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် အနည်းဆုံး လူ ၂၃ ဦး သေဆုံးခဲ့ပြီး၊ အခြား လူ ၁၀၀ ကျော်မှာလည်း ယခုအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ နူရီစတန်ပြည်နယ်တွင် ဇူလိုင် ၂၀ ရက်က ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ ဇူလိုင် ၂၁ ရက်အထိ လူ ၈၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်များက ပြောကြားသည်။

ပြည်နယ်မြို့တော် ပါရမ်သည် ရေကြီးရေလျှံခံစားခဲ့ရသောနေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အိုးအိမ်များ၊ ဈေးဆိုင်များ၊ ဟိုတယ်များ အပါအဝင် အဆောက်အအုံများစွာ ပျက်စီးခဲ့သည်။ ဒေသဆိုင်ရာအာဏာပိုင်များက ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် တာလီဘန်တို့ အာဖဂန်နစ္စတန်ကို ရယူလိုက်ပြီးနောက် နိုင်ငံ့စီးပွားရေးသည် ဆက်လက်ရုန်းကန်နေရသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ တာလီဘန်လက်အောက်တွင် နိုင်ငံ့ အခြေခံအဆောက်အအုံအနည်းငယ်သာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးပြည်နယ်၌ တိုကာချီမီးတောင်ပေါက်ကွဲ




**တိုကျို ဇူလိုင် ၂၂**

ဂျပန်နိုင်ငံ၏မြောက်ဘက် အကျဆုံး ဟော့ကိုင်းဒိုးပြည်နယ်ရှိ တိုကာချီမီးတောင်တွင် မီးတောင်ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီ ၇ မိနစ်ခန့်တွင် တောင်ထိပ်အနောက်မြောက်ဘက် တစ်ကီလိုမီတာခန့်အကွာရှိ မီးတောင်ပေါက်မှ အနက်ရောက်မီးခိုးများ ထွက်လာသည်ကို တွေ့ရှိခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီ၏ ဆပ်ပိုရိုဒေသဆိုင်ရာရုံးက ပြောကြားခဲ့သည်။ အဆိုပါ မီးခိုးတန်း သည် လေထဲသို့ မီတာ ၂၀၀ ခန့်အထိ မြင့်တက်လာခဲ့သည်။

မီးတောင် လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့သော တုန်ခါမှုများကို ၄၅ စက္ကန့်ကြာ ခံစားတွေ့ရှိခဲ့သည်။ ခိုလှုံရေးတည်းခိုဆောင်ရှိ စောင့်ကြည့်ရေး စခန်းတစ်ခုတွင်လည်း လေထုတုန်ခါမှုများကို မှတ်တမ်းတင်နိုင်ခဲ့သော်လည်း မီးတောင်မှ ကြီးမားသော အစိုင်အခဲပစ္စည်းများလွင့်စင်ကျရောက်လာခြင်းကို အတည်မပြုနိုင်သေးကြောင်း သိရသည်။ မီးတောင်ပေါက်အနီး မြေလျှင်လှုပ်ရှားမှုများ ပိုမိုဖြစ်ပွားလာသဖြင့် လွန်ခဲ့သောလက တိုကာချီမီးတောင်၏ သတိပေးအဆင့်ကို အဆင့်-၂ သို့ မြှင့်တင်ခဲ့သည်။

အဆိုပါ မီးတောင်သည် တိုင်ဆက်ဆုန် တောင်တန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် နောက်ဆုံးအကြိမ် မီးတောင်ပေါက်ကွဲခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တောင်အာဖရိက ရရှိ

**ကိတ်ဗ်တောင်း ဇူလိုင် ၂၂**

တောင်အာဖရိက နိုင်ငံသည် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးရန် ရည်ရွယ်သော အခြေခံအဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးကူညီရန်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိကြောင်း အမျိုးသားဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောသည်။

အဆိုပါ ချေးငွေများသည် တောင်အာဖရိကနိုင်ငံ၏ လျှပ်စစ်ဓာတ်အား၊ ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍများတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ရာတွင် ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ရေနှင့်သန့်ရှင်းရေးကဏ္ဍများတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ပံ့ပိုးကူညီပေးလိမ့်မည် ဖြစ်ကြောင်း ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

■

## အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်အသုံးပြုခွင့် ပိတ်ပင်မှု ပြင်သစ် အတည်ပြု

**ပါရီ ဇူလိုင် ၂၂**

အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက် အသုံးပြုခွင့်တားမြစ်သည့် ဥပဒေကို ပြင်သစ် ပါလီမန်တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

အဆိုပါ ဥပဒေသည် စက်တင်ဘာလတွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ဥရောပ၌ ပထမဆုံး လှုပ်ရှားမှုလည်းဖြစ်သည်။ ပြင်သစ်ပါလီမန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့သည် အဆိုပါဥပဒေကို ဇူလိုင် ၂၁ ရက်က အတည်ပြုခဲ့သည်။ စက်တင်ဘာလမှစတင်၍ အသက် ၁၅ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက် အကောင့်ဖွင့်ခြင်းကို ပိတ်ပင်သွားမည်ဖြစ်သည်။

လူမှုကွန်ရက်များသည် လက်ရှိရှိနေဆဲဖြစ်သည့် အကောင့်များကို ပိတ်သိမ်းသွားရန် ဇန်နဝါရီလမတိုင်မီအထိ လေးလရရှိမည်ဟု သိရသည်။ လူမှုကွန်ရက်မီဒီယာများသည် ပြင်သစ်နိုင်ငံ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ စည်းကမ်းထိန်းသိမ်းရေး၏ အသက်ထောက်ခံချက်ကို လိုအပ်မည်ဖြစ်သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အဆိုပါ ဥပဒေပြဋ္ဌာန်းခြင်းကို အဓိက လုပ်ဆောင်ချက်ဟု ခေါ်ဆိုကာ ကြိုဆိုခဲ့သည်။

ဩစတြေးလျ နိုင်ငံသည် အသက် ၁၆ နှစ်အောက် ကလေးများကို လူမှုကွန်ရက်အကောင့် အသုံးပြုခြင်း ပိတ်ပင်သည့် ပထမဆုံးနိုင်ငံဖြစ်သည်။ ဥရောပသမဂ္ဂသည်လည်း စည်းမျဉ်းစည်းကမ်းများကို စဉ်းစားနေသည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



## ဝေးလံသည့်ပြည်နယ်များ၌ ပိုလီယိုကာကွယ်ဆေးပိုမိုတိုက်ကျွေးနိုင်ရေး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းတန် စာချုပ် အာဖဂန် လက်မှတ်ရေးထိုး

**ကဘူးလ် ဇူလိုင် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ ဝေးလံသည့်ပြည်နယ်များဖြစ်သည့်တောင်ပိုင်း ဥရုဇဂန်နှင့် ဟယ်မန်းပြည်နယ်များတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု ပိုမိုပြုလုပ်နိုင်ရန် အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် Action Against Hunger (AAH) နှင့်ပူးပေါင်းကာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းတန် စာချုပ်တွင် ဇူလိုင် ၂၁ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ကာကွယ်ဆေးတိုက်ကျွေးမှုတွင် ဝေးလံသည့်ဒေသများအထိ ရောက်ရှိနိုင်မှုကို မြှင့်တင်ရန်အတွက် တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ သဘောတူညီမှုအရ ကျန်းမာရေးဌာန ၅၀ မှတစ်ဆင့် ဒေသခံ ၄၈၇၁၅၆ ဦးကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအားနည်းနေချိန် ယခုကဲ့သို့ အရေးပါသည့် ခြေလှမ်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဝေးလံသည့်ဒေသများသည် အခြေခံအဆောက်အအုံနည်းပါးခြင်း၊ သယ်ယူပို့ဆောင်ရေး အခက်အခဲရှိခြင်း၊ အရေးပေါ်ဆေးဝါးများ ကာလရှည်ကြာပြတ်လပ်ခြင်းနှင့် လေ့ကျင့်သင်ကြားထားသည့် ဆေးဘက်ဝန်ထမ်းများ ပြတ်လပ်ခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် အဟန့်အတားများနှင့်ကြုံတွေ့နေရသည်။

**ဆင်ဟွာ**

## ဂျပန်-ဗြိတိန်-အီတလီ တိုက်လေယာဉ်အစီအစဉ်တွင် လေ့လာသူအဖြစ် ကနေဒါ ပါဝင်မည်

**လန်ဒန် ဇူလိုင် ၂၂**

ဂျပန် - ဗြိတိန် - အီတလီတို့ ပြုလုပ်နေသည့် တိုက်လေယာဉ် ပူးပေါင်းအစီအစဉ်တွင် ကနေဒါနိုင်ငံက လေ့လာသူအဖြစ် ပါဝင်မည်ဖြစ်သည်။

အဆိုပါ သုံးနိုင်ငံသည် မျိုးဆက်သစ် တိုက်လေယာဉ်ကို တိုးတက်အောင် တီထွင်ထုတ်လုပ်နေကြသည်။ ဇူလိုင် ၂၁ ရက်က လန်ဒန်၌ ဆွေးနွေးပွဲ ပြုလုပ်ပြီးနောက် လေးနိုင်ငံမှ ကာကွယ်ရေး ဝန်ကြီးများသည် အဆိုပါလှုပ်ရှားမှုကို သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

လန်ဒန်မြို့၌ ပြုလုပ်သည့် အစည်းအဝေးသို့ ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇူမီ ရှင်ဂျီရို၊ ဗြိတိန်ကာကွယ်ရေး ဝန်ကြီး ဝက်စ်စထရီတင်း၊ အီတလီ ကာကွယ်ရေးဝန်ကြီး ဂွိဒို ခရိုစက်တိုနှင့်ကနေဒါ အမျိုးသားကာကွယ်ရေးဝန်ကြီး ဒေးဗစ် မက်ဂင်တီတို့ တက်ရောက်ခဲ့ကြသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကနေဒါနိုင်ငံက ပါဝင်မည်မဟုတ်ချေ။

သို့သော်လည်း အစီအစဉ် တိုးတက်ရေး အသေးစိတ်အချက်အလက်များကိုမူ ကနေဒါနိုင်ငံကို ပေးသွားမည်ဖြစ်သည်။ ကနေဒါနိုင်ငံ ပါဝင်လာမှုသည် အနာဂတ်လေကြောင်း တိုက်ပွဲရည်မှန်းချက်များ ပိုမိုခိုင်မာစေပြီး ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ပိုမိုအားကောင်းစေသည်ဟု လေးနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



**နေပြည်တော် ဇူလိုင် ၂၂**
နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးကနယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများနှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 သေနတ် တစ်လက်၊ MA -4 သေနတ် တစ်လက်၊ M-79 သေနတ် တစ်လက်၊ အီနာဂါဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၉၅ တောင့်၊ ကျည်အိမ် လေးခုနှင့် စနက်တံ တစ်ချောင်းတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ အီနာဂါဗုံးသီး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေးငွေကျပ် ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၉ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသူများမှာ လက်ပံတန်းမြို့မှ အမျိုးသား တစ်ဦး၊ ပြည်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား သုံးဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား တစ်ဦး၊ ပေါင်းတည်မြို့မှ အမျိုးသား သုံးဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား နှစ်ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား တစ်ဦး စုစုပေါင်း ၁၉ ဦးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျောင်းတက်တုန်းက ကျောင်းအုပ်ကြီးက CDM လုပ်တော့ သူ့တပည့်ဆိုတော့ သူနဲ့ ပါသွားတာ။ ပထမတစ်ခေါက် ထွက်ပြေးတုန်းကတော့ လက်နက်သုံးလက် ပါသွားတယ်ပေါ့။ တစ်ယောက်တည်းပြေးတာ ပြေးတဲ့အချိန်မှာ KNU ဂိတ်တွေက အများကြီးပဲ။ ကိုယ်က တောလမ်းကနေပတ် တစ်ခါပတ်လည်း ဂိတ်ပြန်ရောက်၊ နှစ်ခါပတ်လည်း ဂိတ်ပြန်ရောက်နဲ့ ပြန်မိသွားတာ။ ဟိုရောက်သွားလို့ရှိရင် သူတို့က ငါတို့ကို မှားခေါ်တာလား။ ငါတို့ကို ထုမှာလား။ ထောင်းမှာလား။ ဒီထဲ ရောက်လာတဲ့အချိန်မှာတော့ ကိုယ်ထင်ထားသလို မဟုတ်ဘူး။ ကိုယ့်အပေါ် အများကြီး ကောင်းခဲ့တယ်။ အများကြီး နားလည်မှုပေးကြတယ်။ အခုလက်ရှိ ကျန်ခဲ့တဲ့ရဲဘော်တွေကတော့ ကျွန်တော့်ကို အခုကြည့်နေတယ်ဆိုရင်တော့ လာခဲ့ကြပါလို့ပဲ ဖိတ်ခေါ်ချင်ပါတယ်။





၂။ ရောက်ရှိခဲ့တဲ့ အဖွဲ့အစည်းကတော့ KNU တပ်မဟာ (၃)ရောက်ရှိခဲ့တာပါ။ အသက်ကတော့ ခုမှ ၂၀ ပြည့်တာပါ။ အားကစားသိပ္ပံ တက်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေရဲ့ အဖော်ဆွယ်မှုကြောင့် ဟိုဘက်ထဲရောက်သွားတယ်။ ရောက်ပြီးတော့ ကိုယ်ဖြစ်ချင်တဲ့အရာနဲ့ လုံးဝဆန့်ကျင်ဘက်ကြီး ဖြစ်သွားတာပေါ့။ လျှုတဲ့ပိုက်ဆံတွေ၊ ရတဲ့ပိုက်ဆံတွေကတော့ ဘာတွေဝယ်တယ်။ ဘာတွေလုပ်လဲတော့ မသိဘူး၊ လစာမရှိဘူး။ ပထမတစ်နှစ်ဖာပွန် မသွားခင်မှာကတည်းက စိတ်ကုန်တာ စိတ်ပျက်တာပါ။ ဒါပေမယ့် ပြန်လာဖို့ကျတော့ အခွင့်အလမ်း မရခဲ့တဲ့အတွက် အချိန်တွေ နည်းနည်းလေးကြာသွားခဲ့တယ်။ အခုဒီနောက်ပိုင်းမှာ ချိတ်ဆက်ပြီး ဒီဘက်ကို ပြန်ပြီး အခြေချခဲ့တာပေါ့။ ဒီဘက်ကတော့ ကိုယ်လုံးဝမထင်ထားတဲ့ အရာမျိုးနဲ့ ကြိုဆိုတာပေါ့။ အလွန်လည်း ဝမ်းသာပါတယ်။ ဒီလိုမျိုး ကြိုဆိုမှုအတွက် ကျေးဇူးလည်း တင်ပါတယ်။ ပြောမပြတတ်လောက်အောင် ပျော်တာပေါ့။ ကိုယ့်မိသားစုနဲ့ကိုယ် အတူပြန်နေရတယ်။ ကိုယ်လုံးဝရည်မှန်းထားတဲ့ အရာကိုလည်း ပြန်ပြီးတော့ ဖြည့်ဆည်းလို့ရတာပေါ့။ တိုက်တွန်းချင်တာကတော့ ဦးနှောက်ပါတဲ့ လူတစ်ယောက်ကတော့ ဒီအရာကို ဘယ်လိုတွေးတယ်။ ဘယ်လိုလုပ်လဲ။ ဘယ်လိုဖြတ်သန်းရလဲဆိုတာကို ဆုံးဖြတ်လို့ရတာပေါ့။ တစ်ဖက်လူရဲ့ တွန်းအားပေးမှုကြောင့် သူများလုပ်တဲ့အတိုင်း လိုက်မလုပ်ဖို့လည်း ပြောချင်ပါတယ်။ ကျွန်တော် ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုမြေပုံကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**
အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ တစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zaw Zaw Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာနေ ဇော်ဇော်အောင်(ခ)ဇော်ဇော်အား မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် ရမည်းသင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ပဲခူးတိုင်းဒေသကြီး၌ ဖွင့်လှစ်သည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းထောက်ပံ့ကြေးများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးတွင် မသန်စွမ်းသူဦးရေ နှစ်သိန်းခွဲနီးပါးရှိပြီး ညောင်လေးပင်မြို့နယ်၌ မသန်စွမ်းသူဦးရေ ရှစ်ထောင့်ခြောက်ရာကျော်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ အသိုင်းအဝိုင်းတွင်ရှိသည့် မသန်စွမ်းသူများအတွက် အများတန်းတူအခွင့်အရေးနှင့် ခံစားခွင့်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သီရိရတနာခန်းမတွင် ကျင်းပသည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲ၌ ဒုတိယဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်ပြီး ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် မသန်စွမ်းမှုစိစစ်ရန်အတွက် ပြုစုထားရှိသည့် အသက်အရွယ်အလိုက် မေးခွန်းလွှာများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၁) မူလတန်းကြိုကျောင်းသို့သွားရောက်၍ ကလေးသူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပျိုးထောင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပဲခူးမြို့နယ်အတွင်းရှိ မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ၅၂၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်တစ်ရာငါးဆယ့်ရှစ်သိန်းတစ်သောင်းတိတိကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များတွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ် ဌာနဆိုင်ရာဝန်ထမ်းများ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ဖလမ်းမြို့နယ်၌ ဦးစီးဌာနရုံးပေါင်း ၃၈ ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်း ၁၃၉၇ ဦးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်းနှင့် ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များတွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်လျက်ရှိပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်းပေါင်း ၄၀၀၃ ဦးဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ဖလမ်းမြို့ရှိ မီးသတ်တပ်ဖွဲ့ရုံး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရုံး၊ ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်/ တည်ဆောက်ခြင်းလုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးကြေညာခြင်း

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်**

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့ အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိရပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ပြည်သူသို့အသိပေးပန်ကြားချက်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲနေသူများမှ သက်ဆိုင်ရာဌာနအသီးသီးသို့ ဆက်သွယ်အသိပေးလျက်ရှိနေကြပြီဖြစ်ရာ အောက်ပါအတိုင်း ဖြေလျှော့ပေးလျက်ရှိပါသည်-

(က) ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀/- တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဃ) တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများအတွက်လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀% ကိုသာ ကောက်ခံခြင်း၊

၃။ လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများ လျော့နည်းပပျောက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဇူလိုင်လ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁ | နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၂၂-၇-၂၀၂၆ | ၁၀၁ | ၃.၉၈ | ၃၀.၇.၂၀၂၄ | ၉၆ | ၃.၇၈ | ၁၄ |

## ပခုက္ကူမြို့၌ လျှပ်စစ်မီးများပြတ်တောက်မှုကြောင့် ပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေး ရေပေးဝေ



**ပခုက္ကူ ဇူလိုင် ၂၂**

ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ လျှပ်စစ်မီးလိုင်းများ ပြတ်တောက်မှုကြောင့် ပြည်သူများသောက်သုံးရေအခက်အခဲမရှိစေရေး ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက အများသုံးရေတိုင်များနှင့် အိမ်သွယ်ရေတိုင်များသို့ ရေပေးဝေလျက်ရှိသည်။

ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ရွာအနီးရှိ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း(ညောင်ပင်ကြီး-ဗုဒ္ဓကုန်း) တိုင်အမှတ်(၃၃၈) အား PDF အကြမ်းဖက်သောင်းကျန်းသူများက ၁၉ ရက် ည ၇ နာရီခွဲတွင် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ပခုက္ကူ ရေစကြို၊ မြိုင်နှင့် ကမ္မမြို့များသို့ သွယ်တန်းထားသည့် လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့သဖြင့် ပခုက္ကူမြို့ပေါ် ရပ်ကွက်နေပြည်သူများ ရေသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး အမှတ်(၁၂)ရပ်ကွက်ရှိ100 KVA မီးစက်ဖြင့် ရေလှောင်ကန် ၂ သို့ မောင်းနှင်ပြီး အမှတ် ၂၊ ၄၊ ၅၊ ၆ ရပ်ကွက်များတွင်ရှိသော အများသုံးရေတိုင်များနှင့် အိမ်သွယ်ရေတိုင်များထံ ရေပေးဝေလျက်ရှိကြောင်းနှင့် နယ်မြေလုံခြုံရေးအဖွဲ့များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုးကျပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ ကာလတို သင်တန်းဆင်းပွဲနှင့် Project Show ပြပွဲကျင်းပ



**တောင်ငူ ဇူလိုင် ၂၂**

အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ ကာလတို သင်တန်းဆင်းပွဲနှင့် Project Show ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဇော်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူ ၁၀၂ ဦးအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဆိုလာတပ်ဆင် အသုံးပြုနည်းသင်တန်း၊ သံချည်သံကွေးသင်တန်း၊ Networking သင်တန်း၊ ဘက်စုံသုံး ဆပ်ပြာရည်နှင့် မှန်ကြည်ဆေး ပြုလုပ်နည်းသင်တန်းစသည့် သင်တန်းလေးခုကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် တာဝန်ရှိသူများက Project Show ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**ဘိုကလေး ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းမွန်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ မြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၈၆ ဦးတို့အား မြို့နယ်ဥပဒေအရာရှိက ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေအပါအဝင် ဆက်စပ်ဥပဒေပညာဘာသာရပ်ဆိုင်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ဇေယျာသီရိမြို့နယ်၌ ထွန်ယက်စရိတ်နှင့် သွင်းအားစုပေးအပ်

**ဇေယျာသီရိ ဇူလိုင် ၂၂**

ဇေယျာသီရိမြို့နယ် ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းအား ထွန်ယက်စရိတ်နှင့် သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက စိမ်းစားပင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ကျင်းပရာ အောင်နိုင်သစ္စာ (အောင်သဇင်သမဝါယမအသင်း)မှ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တစ်စပ်တစ်ဆက်တည်း မိုးစပါးစိုက်ပျိုးသော တောင်သူ ၄၆ ဦး၊ စိုက်ဧက ၁၅၀ အတွက် ထွန်ယက်စရိတ်နှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**





## သရက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**သရက် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အုတ်ဖိုတိုက်ဘုန်းတော်ကြီးကျောင်းတွင် ရွှေ့ပြောင်းကျောင်း ၂၁ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးကျော်ကျော်နှင့် အမှတ်(၂) ဒေါက်တာညီညီဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ရွှေ့ပြောင်းကျောင်း ၂၁ ကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၆၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဘောလခဲ၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ဘောလခဲ ဇူလိုင် ၂၂**

ကယားပြည်နယ် ဘောလခဲမြို့နယ်တွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဘောလခဲမြို့နယ်ဥပဒေရုံး၌ ယမန်နေ့က ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်မောင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးတင့်စန်းဝေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ သင်တန်းကို နှစ်ရက်တာ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။ **စန်းဝေ**



## တွန်းဇံမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**တွန်းဇံ ဇူလိုင် ၂၂**

ချင်းပြည်နယ် တွန်းဇံမြို့၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခြင်းကို ယမန်နေ့က ခေါဝုန်/လေးဆန်ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း ယာယီခန်းမဆောင်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်က နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူ ၁၁၂ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တပ်ကုန်း၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**တပ်ကုန်း ဇူလိုင် ၂၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ လေးဦးတို့က သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**



မအူပင်မြို့နယ်ရှိ စားအုန်းဆီ လက်လီလက်ကားရောင်းချသည့် ဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ မရှိ ခေတ္တမြို့နယ်စားအုန်းဆီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ပူးပေါင်းအဖွဲ့များ ဇူလိုင် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## လင်းခေးမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**လင်းခေး ဇူလိုင် ၂၂**

လင်းခေးမြို့နယ် သစ်တောဦးစီးဌာနက ယမန်နေ့ နံနက်ပိုင်းတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဝမ်ဟတ်အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးကျော်မျိုးနိုင်က မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း၊ တောအုပ်ကြီး ဦးစိုင်းညီညီထွန်းက သစ်တောမှရရှိသော အကျိုးကျေးဇူးများနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိက မီးခိုးမြူငွေ့ လျှော့ချရေးနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို အသိပညာပေးဆွေးနွေး ဟောပြောကြသည်။



ထို့နောက်ကျောင်းဝင်းအတွင်း ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တက်ရောက်လာသူ ၁၄၄ ဦးက ခရေပင်၊ ရေတမာ၊ စိန်တချူပင်နှင့် သပြေ ဘူတပင် စုစုပေါင်းပျိုးပင် ၁၂၀ စိုက်ပျိုးခဲ့ကြသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## ပန်းတနော်မြို့နယ်၌ စားဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ပန်းတနော် ဇူလိုင် ၂၂**

ပန်းတနော်မြို့နယ်အတွင်းရှိ မိဘပြည်သူများ စားသုံးဆီများကို သတ်မှတ်ရည်ညွှန်း ဈေးနှုန်း



အတိုင်း စိတ်အေးချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေးနှင့် ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရန် ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီ လက်ကားကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ စားဆီအရောင်းဆိုင် ၂၅ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပြုလုပ်ပေး

**မြင်းခြံ ဇူလိုင် ၂၂**

မြင်းခြံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များကို ဇူလိုင် ၂၀ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ နေ့ချင်းပြီး ပြုလုပ်ပေးလျက်ရှိရာ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမျိုးမြင့်သူ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှတ် (၂) အခြေခံပညာအထက်



တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပေးအပ်ခဲ့ကြသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

## ကျိုက်လတ်မြို့၌ ပြည်သူဗဟို ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ရေးဆွေးနွေး

**ကျိုက်လတ် ဇူလိုင် ၂၂**

ကျိုက်လတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်ကျင်းပသည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်



အကောင်အထည်ဖော် ဆောင်ရွက်ရေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကျိုက်လတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်စိုးက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ သက်ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများဖြင့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်**
**(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**သာစည် ဇူလိုင် ၂၂**

သာစည်မြို့နယ် ဥပဒေရုံးက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က မြို့နယ်စည်ပင်သာယာ ခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ခရိုင်ဥပဒေအရာရှိ ဒေါ်ချောစုစုလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကား ပြောကြားသည်။

သင်တန်းတွင် မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိများက ငါးရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ပွင့်ဖြူမြို့နယ်၌ လမြတ်ဝါဆိုအကြောင်း အသိပညာပေး

**ပွင့်ဖြူ ဇူလိုင် ၂၂**

ပွင့်ဖြူမြို့နယ်၌ ယမန်နေ့ မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ လမြတ်ဝါဆိုအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က အသိပညာပေးဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာပေချစ်မြတ်နိုးသူများ(Book Club)အဖွဲ့မှ အတွင်းရေးမှူး ဦးကျော်စိုး(ပညာရေးငြိမ်း)က လမြတ်ဝါဆိုနှင့်ပတ်သက်၍ လူငယ်မောင်မယ်များ အသိပညာဗဟုသုတရရှိစေရန်အတွက် လမြတ်ဝါဆို နေ့ထူးနေ့မြတ်နှင့် ဗုဒ္ဓဖြစ်စဉ်သမိုင်းအကြောင်းအရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## တီးတိန်၌ အခြေခံစားသောက်ကုန်နှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့

**တီးတိန် ဇူလိုင် ၂၂**

တီးတိန်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် ဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ စား၊ ပဲနှင့် အိမ်ဆောက်ပစ္စည်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် အတူနေမိသားစုများ၊ ဘေးသင့်ပြည်သူအိမ်ခြေ ၈၅ အိမ်(လူဦးရေ ၄၁၆) တို့အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ် ကြံခင်းကျေးရွာ၌ လမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်

**ချောင်းဆုံ ဇူလိုင် ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကြံခင်းကျေးရွာတွင် ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်သွားမည်ဖြစ်ရာ ဇူလိုင် ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအဖွဲ့ဝင်များက လမ်းတိုင်းတာခြင်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး လမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီးပါက ကြံခင်းကျေးရွာရှိ အိမ်ထောင်စု ၁၀၀ ကျော်၏ နေ့စဉ်လူမှုဘဝလုပ်ငန်းများအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**



မြောင်းမြမြို့တွင် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်မှု သိကောင်းစရာရှင်းလင်းခြင်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားပြီး ခေတ္တခရိုင်ရဲတပ်မှူး ရဲမှူးမြင့်မောင်က ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာများကို ရှင်းလင်းပြောကြားစဉ်။

ဇေယျာ(ပြန်/ဆက်)




ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စားအုန်းဆီလက်လီ/လက်ကားကိုယ်စားလှယ်အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချနေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဆီကုန်သည်များအသင်းဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးတို့က ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး နေရာများလစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

| | | |
|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) | (၁၅) နေရာ |
| (ခ) | ကျွမ်းကျင်(၂)(ရုပ်မြင်) | (၂၀) နေရာ |
| (ဂ) | ကျွမ်းကျင်(၂)(ရုပ်မြင်)(တိုင်းရင်းသား) (ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရှမ်း၊ 'ဝ') | (၁၅) နေရာ |
| (ဃ) | ကျွမ်းကျင်(၂)( အသံလွှင့် ) | (၅) နေရာ |
| (င) | ကျွမ်းကျင်(၂)( အသံလွှင့် )(တိုင်းရင်းသား) (ကချင်၊ ကယား၊ ကယန်း၊ စကောကရင်၊ မွန်၊ ရှမ်း၊ 'ဝ'၊ ကိုးကန့်) | (၅) နေရာ |
| (စ) | အနုပညာရှင်(၂)(ဂီတ) | (၇) နေရာ |
| (ဆ) | ကျွမ်းကျင်(၂)(Myanmar International) | (၁၀) နေရာ |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁–၇–၂၀၂၆)ရက်နေ့တွင် အထက်ပါရာထူးများအတွက် အသက်(၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်စေရ။)

(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး(၅) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုး နိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။ (မမှန်မကန်လျှောက်ထားသည့် လျှောက်လွှာများ စိစစ်တွေ့ရှိရပါက ပယ်ဖျက်ခြင်း ခံရပါမည်။)

(ဆ) နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန် ထမ်းဆောင်နေသည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို တင်ပြနိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ

(က) အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးအတွက်
- BE, B–Tech, A.G.T.I.(EP/ EC/ IT/ Mechatronics, Mechanical), M.Sc(Phys;), B.Sc(Phys;), B.C.Sc ရရှိပြီးသူ ဖြစ်ရမည်။
- Electronic အခြေခံ စက်ပစ္စည်းပြုပြင်နိုင်သူများ၊ Computer Networking အတွေ့ အကြုံရှိသူများ၊ AI Based Application စိတ်ဝင်စားသူများကို ဦးစားပေးမည်။

(ခ) ကျွမ်းကျင်(၂)(ရုပ်မြင်) ရာထူးအတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ ဖတ်/ ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
- ကွန်ပျူတာ အခြေခံရှိရမည်။
- မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
- ရုပ်ရည်ရူပကာ ချောမောပြေပြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာ ပြောဆို နိုင်ရမည်။ ဘာသာပြန်နိုင်သူ(သို့) English စာ စိတ်ဝင်စားသူဖြစ်ရမည်။

(ဂ) ကျွမ်းကျင်(၂)(ရုပ်မြင်)(တိုင်းရင်းသား) နှင့် ကျွမ်းကျင်(၂)(အသံလွှင့်) (တိုင်းရင်းသား)ရာထူး အတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသား နိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

(ဃ) ကျွမ်းကျင်(၂)(အသံလွှင့်) ရာထူးအတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), M.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
- ကွန်ပျူတာ အခြေခံရှိရမည်။
- မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာ ဘာသာသို့ လည်းကောင်း ဘာသာပြန်နိုင်သူ ဦးစားပေးမည်။ ကိုယ်တိုင်စာမူ ရေးသားနိုင်သူ ဖြစ်ရမည်။ အသံသြဇာ ပြည့်စုံကောင်းမွန်ပီသစွာ ပြောဆိုနိုင်ရမည်။ အသံအရည်အသွေးပိုင်းဆိုင်ရာ နားလည်နိုင်သူ ဖြစ်ရမည်။

(င) အနုပညာရှင်(၂)(ဂီတ)ရာထူးအတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း အဆင့် ဖြစ်ရမည်။
- တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးမှုတ်နိုင်ရမည် (သို့မဟုတ်) အဆို (သို့မဟုတ်) အက စသည့် အနုပညာပိုင်းဆိုင်ရာ တစ်ခုခုတတ်ကျွမ်းရမည်။

(စ) ကျွမ်းကျင်(၂)(Myanmar International)ရာထူးအတွက်
- B.A(English)၊ M.A(English)၊ (သို့မဟုတ်) ဘွဲ့ရရှိပြီးသူဖြစ်ပါက အင်္ဂလိပ်ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
- Graphic Design ကျွမ်းကျင်သူများ ဦးစားပေးမည်။
- ဓာတ်ပုံ၊ ကင်မရာ ရိုက်ကူးရေးကို စိတ်ဝင်စားသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံရှိရမည်။
